# တိုင်းရင်းသားလက်နက်ကိုင် အုပ်စုများ၏ တရားစီရင်ရေးစနစ်များ

ဘရိုင်ယန် မက်ကာတန်နှင့် ကင်မ်ဂျိုလိမ်

မူဝါဒရေးရာဆွေးနွေးချက်စာတမ်းငယ်အမှတ် (၁၇)




The Asia Foundation
Improving Lives, Expanding Opportunities

# တိုင်းရင်းသားလက်နက်ကိုင် အုပ်စုများ၏ တရားစီရင်ရေး စနစ်များ

ဘရိုင်ယန် မက်ကာတန် နှင့် ကင်မ်ဂျိုလိဖ်

မူဝါဒရေးရာဆွေးနွေးချက်စာတမ်းငယ်
အမှတ်(၁၇)

အောက်တိုဘာလ၊ ၂၀၁၆

ယခုမူဝါဒရေးရာ ဆွေးနွေးချက်စာတမ်းငယ်သည် တိုင်းရင်းသားလက်နက်ကိုင် အုပ်စုများ၏ တရားစီရင်ရေးစနစ်များ၊ အောက်တိုဘာလ ၂၀၁၆၊ ဘရိုင်ယန် မက်ကာတန်နှင့် ကင်မ်ဂျိုလိဖ် တို့၏ မူရင်းသုတေသန စာစောင်အား အနှစ်ချုပ်ထားခြင်းဖြစ်ပါသည်။ မူရင်း သုတေသနစာစောင်ကို ဖော်ပြပါ ဝက်ဆိုက်ဒ်လင့်တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။ http://asiafoundation.org/publication/ethnic-armed-actors-justice-provision-myanmar-burmese/

ရည်ညွှန်းကိုးကား - ဘရိုင်ယန် မက်ကာတန်နှင့် ကင်မ်ဂျိုလိဖ်၊ အောက်တိုဘာလ ၂၀၁၆၊ *တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများ၏ တရားစီရင်ရေး စနစ်များ၊* အာရှဖောင်ဒေးရှင်း

ယခုမူဝါဒရေးရာ ဆွေးနွေးချက်စာတမ်းငယ်နှင့် မူရင်း သုတေသနစာတမ်းကို ဗြိတန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးရေးဌာန (DFID) နှင့် ဩစတြေးလျ နိုင်ငံခြားရေးနှင့် ကုန်သွယ်မှုဌာန (DFAT) မှ ရန်ပုံငွေ ထောက်ပံ့ ပေးထားပါသည်။

## တစ်။ ။ နိဒါန်း

တိုင်းရင်းသားလက်နက်ကိုင်တစ်ဖွဲ့ချင်း (Ethnic Armed Actors-EAAs)[1] ၏ တရားစီရင်ရေးစနစ်များသည် မြန်မာနိုင်ငံ၏ တိုင်းရင်းသားဒေသများတွင် နေထိုင်ကြသော ပြည်သူအများအပြား၏ ဘဝများအပေါ်တွင် အဓိကကျသော သက်ရောက်မှုများရှိပါသည်။ နေရာအပေါ်မူတည်၍ ၎င်းတို့၏ တရားစီရင်ရေးစနစ်များသည် အစိုးရ၏ တရားစီရင်ရေးစနစ် အပြင်ရှိနေသော စနစ်တစ်ခုအနေဖြင့်လည်းကောင်း၊ ဒေသခံများအတွက် ၎င်းတို့သည်သာ တစ်ခုတည်းသော တရားစီရင်ရေးစနစ်အဖြစ်လည်းကောင်း ရှိနေတတ်သည်။ လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အခြေအနေတွင် EAA တစ်ဖွဲ့ချင်း၏ တရားစီရင်ရေးစနစ်ကို နားလည်ခြင်းသည် ပဋိပက္ခသက်ရောက်မှုခံရသော ဒေသများ၏ အနာဂတ်အုပ်ချုပ်ရေးအစီအစဉ်များအတွက် ဆွေးနွေးရာ၌ အဓိကကျလှသည်။

အခြားနိုင်ငံများမှ ဥပမာများက ဖော်ပြနေသည်မှာ လက်နက်ကိုင်အဖွဲ့များက ထူထောင်လာသော ပထမအစိတ်အပိုင်းမှာ လူအများကို ရဲလုပ်ငန်းများ လုပ်ဆောင်ပေးနိုင်သည့် အင်အားစုတစ်ခုဖြစ်သည်။ ၎င်းမှာ ခေါင်းဆောင်ပိုင်း၏ အမြင့်ဆုံးဦးစားပေးတစ်ခုသာဖြစ်ပြီး ထိုအဖွဲ့အစည်းတစ်ခုသည် အစိုးရကဲ့သို့သော အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းတည်ဆောက်ထားပုံတစ်ခုကို ဖွဲ့စည်းနိုင်မှုရှိ၊ မရှိကို ဆုံးဖြတ်ကောင်း ဆုံးဖြတ်နိုင်ပေသည်။ ဒုတိယလက္ခဏာမှာ အငြင်းပွားမှုဖြေရှင်းရေး စနစ်တစ်ခု သို့မဟုတ် တရားဥပဒေစနစ်တစ်ခု ဖန်တီးထားခြင်းဖြစ်သည်။ ထိုစနစ်မှာ ပုံစံတကျ တရားသူကြီးများဖြင့် ဖွဲ့စည်းတည်ဆောက်ထားပုံရှိနိုင်သလို အရေးပေါ်မှဖွဲ့သော စနစ်မျိုးလည်း ဖြစ်နိုင်သည်။ တရားဝင်သည်ဟု ရှုမြင်နိုင်ရန်မှာမူ ထိုစနစ်အနေဖြင့် အရပ်သားများက ၎င်းတို့အချင်းချင်းဖြစ်ပွားမှုများနှင့် လက်နက်ကိုင်အဖွဲ့ဖြင့်ဖြစ်ပွားသော အငြင်းပွားမှုများတွင် အသုံးပြုနိုင်ရန် လိုအပ်သည်။ တရားစီရင်ရေး စနစ်များထားရှိသော လက်နက်ကိုင်အဖွဲ့များသည် ၎င်းတို့ တရားစီရင်ရာတွင် ပုံစံတကျမဟုတ်ဘဲ အလွတ်သဘောဆန်ဆန် လုပ်ဆောင်ခြင်းများနှင့် ပုံစံတကျထူထောင်ထားသော စည်းမျဉ်းဥပဒေများဖြင့် လုပ်ဆောင်ခြင်းများတွင် ကြီးစွာခြားနားသည်။ အဆိုပါအဖွဲ့အစည်းများသည် လက်ရှိတရားစီရင်ရေးအင်စတီကျူးရှင်းများ၏ အစိတ်အပိုင်းများဖြင့် အံဝင်အောင်လုပ်ဆောင်ရပြီး ၎င်းတို့အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာစံများဖြင့် ညီညွတ်အောင်လည်း လုပ်ဆောင်ရသည်။

မြန်မာနိုင်ငံမှ EAA များသည် အပြိုင်ရှိနေသော ၎င်းတို့၏ တရားစီရင်ရေးစနစ်များကိုလည်း ထိန်းသိမ်းထားကာ အချို့နေရာများတွင် အစိုးရ၏စနစ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြသည်များပင် ရှိသည်။ အချို့အဖွဲ့အစည်းများသည် နှိုင်းယှဉ်ပါက စနစ်တကျစုဖွဲ့ထားခြင်းများနှင့် ဥပဒေပုဒ်မများ၊ ရဲတပ်ဖွဲ့များ၊ တရားရုံးစနစ်နှင့် ထောင်များ ပါဝင်သော ရှုတ်ထွေးသည့် တရားစီရင်ရေးအင်စတီကျူးရှင်းများ ထူထောင်ထားသည်။ အချို့ကမူ ရိုးရာအရရှိနေသော ကျေးရွာတရားစီရင်ရေး စနစ်အပေါ်တွင် အခြေခံသော အဖွဲ့အစည်းပါးပါးလေးဖွဲ့ထားခြင်းမျိုးသာ ရှိသည်လည်းတွေ့ရသည်။ EAA များ၏ တရားစီရင်အုပ်ချုပ်မှု အားကောင်းသော နယ်မြေများတွင်ပင် ကျေးရွာများမှ တရားစီရင်ရေးစနစ်သည် ကျေးရွာခေါင်းဆောင်များအပေါ်တွင်သာ များစွာ မူတည်နေသည်။

အချို့ EAA ၏ တရားဥပဒေစနစ်များသည် ဗြိတိသျှအိန္ဒိယ၏ ကျင့်ထုံးဥပဒေများမှ မြစ်ဖျားခံလာသော်လည်း လက်တွေ့တွင် EAA ၏ ဥပဒေပုဒ်မများသည် တရားမဥပဒေများနှင့် ပိုတူကာ ဥပဒေများကို ဆက်စပ်နေသော စနစ်တစ်ခုအသွင် ဖော်ဆောင်ထားသည်။ တရားသူကြီးများကိုလည်း ဥပဒေများကို ရေးသားရန်၊ သုံးသပ်ရန် သို့မဟုတ် လက်ရှိဥပဒေများကို ပြင်ဆင်ရန် အခွင့်အာဏာပေးမထားပေ။ ထိုသို့လုပ်ဆောင်ရန် အခွင့်အာဏာကို အဖွဲ့အစည်း၏ အမှုဆောင်အဖွဲ့ သို့မဟုတ် သီးခြားဌာနများသို့ လုပ်ဆောင်ရန် ပေးထားတတ်သည်။

EAA များသည် ရာဇဝတ်မှုနှင့် တရားမမှုတို့နှစ်ခုကိုမူ ရှင်းရှင်းလင်းလင်း ခွဲခြားထားပုံတော့ရသည်။ အဖွဲ့အစည်းအများစုသည် ရာဇဝတ်မှုများကို အဓိပ္ပါယ်ဖွင့်ဆိုကာ ပြစ်ဒဏ်များကို သတ်မှတ်ထားသော ၎င်းတို့ကိုယ်ပိုင် ဥပဒေပုဒ်မများ ရှိကြသည်။ အချို့တွင် တရားမအငြင်းပွားမှုများအတွက် ပုဒ်မများပင် ရှိသော်လည်း တရားမအငြင်းပွားမှုများနှင့် အသေးစားရာဇဝတ်မှုများပါဝင်သော အမှုများကို ကျေးရွာများတွင်ပင် ကိုင်တွယ်ကြသည်။ လူသတ်မှု၊ မုဒိမ်းမှုနှင့် မူးယစ်ဆေးဝါးအမှုကဲ့သို့သော ပိုမိုကြီးလေးသည့် ရာဇဝတ်မှုများကို EAA တရားစီရင်ရေးစနစ်သို့သာ တိုက်ရိုက်လွှဲပြောင်းပေးသည်။

ဓလေ့ထုံးတမ်းတရားစီရင်ရေးကို ဆက်လက်အသုံးပြုနေဆဲဖြစ်သော ကျေးရွာအဆင့်စနစ်များသည် EAA နယ် မြေများမှ တရားစီရင်ရေးကို စီမံအုပ်ချုပ်ရာတွင် အရေးပါလှသည်။ တရားစီရင်ရေးကို အာရုံပြုလုပ်ဆောင်သော အဖွဲ့အစည်းများမှ ဇာတ်ကြောင်းအထောက်အထားနှင့် မြန်မာနိုင်ငံ၏ တိုင်းရင်းသားဒေသရော ဗမာဒေသများမှ အတွေ့အကြုံက ပြသနေသည်မှာ ဓလေ့ထုံးတမ်းတရားစီရင်ရေး အလေ့အထများသည် တိုင်းပြည်တစ်ဝှမ်း အသုံးပြုနေသည်ဟူ၍ဖြစ်ပြီး အထူးသဖြင့် ကျေးလက်ဒေသများတွင် ပို၍မြင်တွေ့နိုင်သည်။ ကျေးရွာအဆင့်မှ ဓလေ့ထုံးတမ်းဥပဒေများနှင့် အလေ့အထများသည် တိုင်းရင်းသားအုပ်စု တစ်ခုနှင့်တစ်ခု မတူကြဘဲ တစ်ခါတစ်ရံ ကျေးရွာတစ်ခုနှင့်တစ်ခုပင် မတူကြပေ။ ဤအစီရင်ခံစာတွင် စစ်တမ်းကောက်ထားချက်

[၁] ဤမူဝါဒစာတမ်း၏ ကျန်သောအပိုင်းများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs) ဆိုသည့် စကားရပ်သည် ငြိမ်းချမ်းရေးဆွေးနွေးရာတွင် အစိုးရနှင့် ထိုအဖွဲ့များ၏ သဘောတူညီချက်အရ အစိုးရကို နိုင်ငံရေးအရ ဆက်လက်ဆန့်ကျင်နေသော လက်နက်ကိုင်တော်လှန်သော အဖွဲ့များကို ဆိုလိုသည်။ တိုင်းရင်းသားလက်နက်ကိုင်လှုပ်ရှားသူများ (EAAs) ဆိုသည်မှာ EAO တစ်ဖွဲ့ချင်းကို ညွှန်းဆိုလိုခြင်းဖြစ်ကာ နယ်ခြားစောင့်တပ်များ၊ ပြည်သူ့စစ်များ၊ အခြား အစိုးရကစုစည်းထားသော ပြည်သူ့စစ်များအပါအဝင် အစိုးရက ကျောထောက်နောက်ခံပြုသော တိုင်းရင်းသားလက်နက်ကိုင်ထားသည့် စစ်တပ်ကဲ့သို့အဖွဲ့များကိုလည်းဆိုသည်။ ယေဘုယျအားဖြင့် အစိုးရကျောထောက်နောက်ခံပြုထားသော စစ်တပ်ကဲ့သို့ လက်နက်ကိုင်အဖွဲ့များအကြောင်း သိလိုပါက John Buchanan, Militias in Myanmar (Yangon: The Asia Foundation, 2016) ကို ကြည့်ပါ။

များအရ မည်သည့် EAA ကမှ ကျေးရွာများ၏ ဓလေ့ထုံးတမ်း တရားစီရင်ရေးအလေ့အထများကိုအစားထိုးရန်လုပ်ဆောင်မှုများမတွေ့ရဘဲ ရှိပြီးသားလုပ်ထုံးလုပ်နည်းများအပေါ်တွင် ၎င်းတို့၏ တရားစီရင်ရေးစနစ်ကို လာပေါင်းထည့်မျိုးသာတွေ့ရသည်။ ကျေးရွာများကို တရားမအငြင်းပွားမှုနှင့် အသေးစားရာဇဝတ်မှုများနှင့် ပတ်သက်၍ ဓလေ့ထုံးတမ်း တရားစီရင်ဆုံးဖြတ်ခွင့် ပြုထားကာ EAA စနစ်များသို့ အယူခံဝင်နိုင်ရန်လည်း ရွေးချယ်ခွင့်ပေးထားသည်။ ဤအစီရင်ခံစာပါ EAA အားလုံးသည် လူသတ်မှု၊ မုဒိမ်းမှုနှင့် မူးယစ်ဆေးဝါးအမှုကဲ့သို့ သောကြီးလေးသည့်ရာဇဝတ်မှုများကိုEAAတရားစီရင်ရေးစနစ်ကသာ တိုက်ရိုက်စီရင်ရမည်ဟု သတ်မှတ်ထားကြသည်။ ကျေးရွာအဆင့်မှ တရားစီရင်ရေး အလေ့အထကို ဆက်လက်ခွင့်ပြုထားခြင်းဖြင့် EAA များသည် စနစ်တစ်ခုအဆက်မပြတ်စေရန်နှင့် ရပ်ရွာအတွင်း ၎င်းတို့ တရားဝင်နေစေမည့် အခြေမပျက်ပုံမှန်အနေအထားကို ပေးနိုင်မည် ဖြစ်သည်။

ဤအကျဉ်းချုပ်အစီရင်ခံစာသည် မြန်မာနိုင်ငံမှ အထင်ရှားဆုံး EAO များနှင့် နယ်ခြားစောင့်တပ်များ (BGFs) ၊ ပြည်သူ့စစ်များ (PMFs) အပါအဝင် အစိုးရက ကျောထောက်နောက်ခံ ပြုပေးထားသည့် တပ်မတော်ကို အထောက်အကူပြုမည့် လက်နက်ကိုင်အဖွဲ့များနှင့် ၎င်းတို့၏ ဩဇာလွှမ်းမိုးသည့် နယ်မြေများတွင် တရားဥပဒေစိုးမိုးရေး လုပ်ဆောင်မှုများနှင့် ဆက်စပ်နေသည့် တရားစီရင်ရေးစနစ်များကို သုတေသနပြုထားမှုအား တင်ဆက်ထားခြင်းဖြစ်သည်။

## နှစ်။ ။ မြန်မာနိုင်ငံမှ တရားစီရင်ရေးစနစ်နှင့် EAO တရားစီရင်ရေးကို လွှမ်းမိုးသည့်အရာများ

## မြန်မာနိုင်ငံ၏ လက်ရှိတရားရေးစနစ်။

မြန်မာနိုင်ငံ၏ လက်ရှိတရားရေးစနစ်မှာ ၂၀၀၈ အခြေခံဥပဒေနှင့် ၂၀၁၀ ပြည်ထောင်စုတရားသူကြီးများဥပဒေအရ ဖော်ဆောင်နေခြင်း ဖြစ်သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အမြင့်ဆုံး တရားရုံးဖြစ်ကာ ၎င်း၏အောက်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး တရားရုံးများ ရှိပါသည်။ ၎င်းတို့၏ အောက်တွင် ခရိုင်တရားရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံးများနှင့် မြို့နယ်တရားရုံးများရှိသည်။ သို့သော် တရားလွှတ်တော်ချုပ်၏ အခန်းကဏ္ဍသည် အခြေခံဥပဒေခုံရုံး သို့မဟုတ် တပ်မတော်၏ စစ်ဘက်ဆိုင်ရာ တရားရုံးများ၏ စီရင်ပိုင်ခွင့်အာဏာများကို မထိခိုက်ရပေ။

စာရွက်ပေါ်တွင်မူ တရားရေးကိစ္စများအတွက် သီးသန့်စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများရှိပါသည်။ အမှုများကို တရားသူကြီးတစ်ဦး သို့မဟုတ် တရားသူကြီးအဖွဲ့ ရှေ့မှောက်တွင် ကြားနာရကာ ရှေ့နေများ သို့မဟုတ် လျှောက်ထားသူများက ငြင်းချက်ထုတ်ခြင်းများ ပြုလုပ်နိုင်သည်။ တရားရုံးတွင် တရားမဆိုင်ရာများအတွက် ရှင်းလင်းခွင့်၊ ကာကွယ်ထွက်ဆိုခွင့်တို့ကို တရားမကျင့်ထုံးဆိုင်ရာ ပုဒ်မဖြင့် စီမံအုပ်ချုပ်ပြီး သင့်လျော်သည့် တရားရုံးကိုမူ တင်ပြချက်၏ တန်ဖိုး၊ ပါဝင်ပတ်သက်သူများ၏ တည်ရှိသောနေရာနှင့် ဖြစ်ရပ်တည်ရှိသည့်နေရာတို့က ဆုံးဖြတ်ပါသည်။ ရာဇဝတ်မှုများအတွက်မူ တရားသူကြီးများသည် ရာဇဝတ်မှုကျင့်ထုံးဆိုင်ရာ ပုဒ်မနှင့် သက်သေခံဥပဒေတို့ အတိုင်း လိုက်နာဆောင်ရွက်ရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ (MPF) သည် နိုင်ငံ၏ တစ်ခုတည်းသော ရဲတပ်ဖွဲ့ ဖြစ်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ လက်အောက်တွင် ရှိပါသည်။ ပြည်ထဲရေးဝန်ကြီးသည် အခြေခံဥပဒေအရ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ရွေးချယ်သော တပ်မတော်အရာရှိဖြစ်ရပါမည်။ MPF သည် အဖွဲ့အစည်း၏ တည်ဆောက်ထားပုံအရ ရဲတပ်ဖွဲ့ဌာနချုပ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့များ၊ အထူးဌာနကြီးလေးခု၊ လေ့ကျင့်ရေးသင်တန်းကျောင်း ငါးကျောင်းနှင့် ရဲလုံခြုံရေးတပ်ရင်း ၁၉ ရင်း၊ ရဲအရန်တပ်ရင်းအတော်များများရှိပါသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့များကို ခရိုင်၊ မြို့နယ်နှင့် ကျေးရွာအဆင့် ရဲတပ်ဖွဲ့များဖြင့် ဖွဲ့စည်းထားပြီး နိုင်ငံအနှံ့ ရဲစခန်းပေါင်း ၁၂၀၀ ကျော်ရှိသည်။ MPF ၏ အင်အားမှာ ၂၀၁၁ ခုနှစ်တွင် ၈၀၀၀၀ နီးပါးရှိသည်ဟု ယုံကြည်ရသည်။ MPF သည် ပို၍ခေတ်မီ၍ အရပ်သားအုပ်ချုပ်ရေး အသွင် ဆောင်လာနေပြီး ပို၍အာဏာရှိလာနေသည်ဟု တဖြည်းဖြည်း အသိအမှတ်ပြုခံလာရသည်။ အရာရှိများ၏ အဆင့်များကိုလည်း တိုးမြှင့်ပေးအပ်လာနေကာ အဆင့်တိုင်းတွင် အထူးညွှန်ကြားချက်များလည်း တိုးလာနေသည်။ ရဲတပ်ဖွဲ့၏ ခံယူချက်နှင့် လေ့ကျင့်ရေး အစီအစဉ်များသည် “ရပ်ရွာအခြေပြု ရဲလုပ်ငန်း” ဖက်သို့ အလေးပေးခြင်းကို ပြောင်းလာနေသည်။

**EAA တရားစီရင်ရေးစနစ်များအပေါ် အစိုးရက ဩဇာလွှမ်းမိုးပုံ။**

လက်ရှိ EAA တရားစီရင်ရေးစနစ်အတော်များများတွင် ကိုလိုနီခေတ်၏ လွှမ်းမိုးမှုများနှင့် အစိုးရ၏ လွှမ်းမိုးမှုများကို ရှာဖွေတွေ့ရှိနိုင်သည်။ ကိုလိုနီခေတ်က ဗမာအများစု၏ “မြန်မာပြည်မ” (Burma Proper) နှင့် တိုင်းရင်းသားတောင်းတန်းဒေသများကို ခွဲခြားထားမှုသည် မတူသော EAA များကြား ရှိနေသော လုပ်နည်းလုပ်ဟန် အလေ့အထများ အပေါ် အရေးပါစွာ လွှမ်းမိုးမှုရှိခဲ့သည်။ တောင်တန်းဒေသများဟုဆိုရာဝယ် ဥပမာအားဖြင့် ယနေ့ ကချင်၊ ချင်းနှင့် ရှမ်းပြည်နယ်များ ပါဝင်ကာ ယှဉ်ကြည့်ပါက အတော်အတန် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိကြသည်။ ဗမာအများစုကြားတွင် တိုင်းရင်းသားလူနည်းစုများမှာ ရောနှော၍ ပြန့်နှံ့နေသော မြန်မာပြည်မတွင် ကိုလိုနီခေတ်ဥပဒေကို အားကောင်းစွာအသုံးပြုကြကာ ပို၍ပုံစံတကျရှိသောတရားစီရင်ရေးစနစ်ရှိပါသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရသည်အထိ ဗြိတိသျှ ကိုလိုနီ တရားစီရင်ရေးဥပဒေများကိုသာ အသုံးပြုခဲ့သည်။ အစောပိုင်း EAO တရားစီရင်ရေးစနစ်အချို့သည်လည်း အဆိုပါအလားတူ အတွေ့အကြုံနှင့် ဥပမာများကိုသာ ယူငင်အသုံးပြုကြသည်။ မြန်မာပြည်မတွင် အဓိကကျသော ကရင်နှင် မွန်ဒေသများပါဝင်နေရာ နောက်ပိုင်းတွင် ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် မွန်ပြည်သစ်ပါတီ (NMSP) တို့ကို ဖွဲ့စည်းလာပြီး ထို EAO နှစ်ဖွဲ့သည် ပြည်စုံမှု အရှိဆုံး တရားစီရင်ရေးစနစ်များရှိသည်ဟု ဆိုနိုင်သည်။ ထိုစဉ်က KNU သည် NMSP ၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ ပအိုဝ်းအမျိုးသားအဖွဲ့ (PNO) တို့ ဖွဲ့စည်းရာတွင် အရေးပါသော ကဏ္ဍမှ ရှိနေခဲ့သည်။ PNO တွင် ကိုလိုနီခေတ် အစိုးရအတွေ့အကြုံ အမျိုးမျိုး ရှိသော အရာရှိများပါဝင်သည်။ ထို့အပြင် မြန်မာလွှမ်းမိုးသော လွတ်လပ်ရေးလှုပ်ရှားမှုမှ အဖွဲ့ဝင်များက ဖွဲ့စည်းသော လက်နက်ကိုင်သူပုန်အဖွဲ့ဖြစ်သော ဗမာပြည်ကွန်မြူနစ်ပါတီ (CPB) တွင်လည်း ကိုလိုနီခေတ်နှင့် ညွှန့်ပေါင်းအစိုးရများတွင် အလုပ်လုပ်ဖူးသော အတွေ့အကြုံရှိသူများ ပါဝင်သည်။

အစပထမတွင် EAO များသည် တိုက်ခိုက်နေရခြင်းကြောင့် တရားစီရင်ရေးစနစ် ကျယ်ကျယ်ပြန့်ပြန့်ရှိစေရေးအတွက် စနစ်တကျဖွဲ့ရန် မအားလပ်ခဲ့ရပေ။ နယ်မြေထိန်းချုပ်မှုများ တည်ငြိမ်လာသည်နှင့်အမျှ စနစ်များကို ပုံစံတကျဖြစ်အောင် လုပ်ဆောင်နိုင်ခဲ့သည်။ KNU ကို ကြည့်ပါက ထိုသို့စနစ်တကျလုပ်ဆောင်နိုင်ခြင်းသည် ၁၉၇၀ ပြည့်နှစ်များတွင်မှ ဖြစ်လာခဲ့ရကာ ဥပဒေစာအုပ်များ၊ တရားသူကြီးများနှင့် ရဲလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဖန်တီးခဲ့ရာ ဗြိတိသျှ၏ စာသားများအပေါ် ကြီးမားစွာအခြေပြုခဲ့သည်။[၂] ၁၉၆၀ ခုနှစ်များမှ ၁၉၇၀ ခုနှစ်များကြားတွင် အစိုးရဌာနများတွင် ဥပဒေကို လက်တွေ့

[၂] ၎င်းကို ရေးသားသွားကြသူများမှာ ယခင်မြန်မာအစိုးရလက်အောက်တွင် တာဝန်ထမ်းဆောင်ဘူးသူများဖြစ်ကာ နောက်မှ KNU သို့ ဝင်ရောက်လာသူများဖြစ်သည်။ ၎င်းတို့တွင် စောထူးထူးလေး၊ စောရယ်ဂျီနယ်နှင့် စောဘင်ဂျမင် တို့ပါဝင်သည်။

ကျင့်သုံးခဲ့ပြီး လေ့ကျင့်သားပြည့်နေသော ဥပဒေပညာရှင်များ မြေအောက်လှုပ်ရှားမှုများသို့ ရောက်ရှိသွားကြရာ အချို့သည် တိုင်းရင်းသားလှုပ်ရှားမှုများသို့ ဝင်ရောက်ခဲ့ပြီး ၎င်းတို့သည် အထက်က ဖော်ပြခဲ့သော စနစ်များ၏ လွှမ်းမိုးမှုကိုပါ သယ်ယူသွားခဲ့သည်။[၇] မြန်မာနိုင်ငံ၏ အရှေ့တောင်ဘက်ရှိ အခြားသော EAO များဖြစ်သည့် NMSPနှင့် KNPPတို့သည်လည်း၎င်းတို့၏တရားစီရင်ရေးစနစ်များတွင် ငွေကြေးကုန်ကျခံကျသည့်ပုံရှိရာ ကိုလိုနီစနစ်မှ လွှမ်းမိုးမှုများကို ဆက်လက်ထိန်းသိမ်းထားကြသည်။

တစ်ချိန်တည်းမှာပင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များတွင် ရိုးရာအရ အာဏာတည်ဆောက်ပုံသည် ကိုလိုနီခေတ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့် အတော်ကြီးကြီးမားမားရရှိခဲ့ရာ ၁၉၆၂ ခုနှစ်တိုင် အတိုင်းအတာတစ်ခုအထိ ဆက်လက်ရရှိထားခဲ့သည်။ ရလဒ်အနေဖြင့် ထိုဒေသများတွင် EAO များနှင့် ပြည်သူ့စစ်များကို ဖွဲ့စည်းကြသည့်အခါ ၎င်းတို့သည် ရိုးရာအရရှိနေသည့် ဖွဲ့စည်းတည်ဆောက်ထားပုံတွင် အုပ်ချုပ်မှုပုံစံအလွှာတစ်ခုကို ပါးပါးလေးလာ၍ ဖုံးအုပ်လိုက်သည့်သဘောမျှသာ လုပ်ဆောင်ကြသည်။ တရားစီရင်ရေးကိစ္စတွင်လည်း ကျေးရွာကိုအခြေပြုသော ရိုးရာဓလေ့တရားစီရင်ရေးအပေါ်တွင် ပုံစံတကျရှိသည့် တရားစီရင်ရေးဖွဲ့စည်းပုံတစ်ခု အပေါ်မှ အုပ်လိုက်ခြင်းမျှသာဖြစ်သည်။ ရှမ်း EAO အများစုနှင့် ပြည်နယ်နှစ်ခုစလုံးမှ ပြည်သူ့စစ်များသည် ရှေးဦးစွာ စစ်တပ်ဖွဲ့စည်းပုံရှိသည့်အပေါ်တွင်မှ တရားစီရင်ရေးစနစ်ကို ပါးပါးလေးထည့်သွင်းထားခြင်းဖြစ်ကာ ရိုးရာဓလေ့အရ ကျေးရွာအခြေပြုဥပဒေကို အသုံးပြုသည့်အပြင် ဖမ်းဆီးမှုများပြုလုပ်ရန် ကျေးရွာအဆင့် ပြည်သူ့စစ်များကို အသုံးပြုခြင်းအားပိုမိုလုပ်ဆောင်ကြသည်။ အခြားတစ်ဖက်တွင် ၁၉၈၉ ခုနှစ် ဗမာပြည်ကွန်မြူနစ်ပါတီ ပြိုကွဲမှုမှ ဖွဲ့စည်းလာသည့် EAO များဖြစ်သည့် 'ဝ'ပြည်သွေးစည်းညီညွတ်ရေးအဖွဲ့ (UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ် (NDAA)၊ မြန်မာအမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်မတော် (MNDAA) တို့သည် မူလအားဖြင့် တရုတ်ကွန်မြူနစ်၏ တရား စီရင်ရေးစနစ်၏ လွှမ်းမိုးမှု အတော်အတန်ခံရပြီး ပါတီနှင့် ၎င်း၏ခေါင်းဆောင်ပိုင်းကို တည်ထောင်ခဲ့သော ဗမာပညာတတ်များ၏ လွှမ်းမိုးမှုလည်းခံရသည်။[၈]

ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) ၏ တရားစီရင်ရေးစနစ်မှာ ကိုလိုနီခေတ်မှ စနစ်၏ ကြီးကြီးမားမား လွှမ်းမိုးမှုခံရသည့်ပုံ မရှိပေ။ KIO အဖွဲ့ ကိုယ်၌က ကျောင်းသားများနှင့် အစိုးရ၏ တရားစီရင်ရေးစနစ်ဖြင့် တိုက်ရိုက်အပြန်အလှန်ဆက်ဆံမှု အနည်းငယ်သာရှိသူ ရိုးရာအကြီးအကဲ ဒူးဝါးများက ထူထောင်ထားခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် KIO နယ်မြေများတွင် ရိုးရာကချင်လုပ်နည်းလုပ်ဟန်များက အရေးပါစွာ လွှမ်းမိုးနေပါသည်။

[၇] ၎င်းတို့တွင် ယခင် KNU အထွေထွေအတွင်းရေးမှူးနှင့် ယခုအကြံပေး စောထူးထူးလေးနှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့၏ ယခင် ဥက္ကဌ ခွန်ဥက္ကာတို့ပါဝင်သည်။
[၈] သို့သော်လည်း ၎င်းတို့၏ စနစ်များမှာ ကွန်မြူနစ်တရားစီရင်ရေးစနစ်၏ အားကောင်းစွာ လွှမ်းမိုးခြင်းကို ခံရသည်။ တရုတ်နှင့် အားကောင်းသောဆက်ဆံရေးမှတဆင့်နှင့် ၁၉၆၀ ခုနှစ်များက CBP ကို ကူညီခဲ့သော တရုတ်နီတပ်ဖွဲ့ဝင် စေတနာ့ဝန်ထမ်းများမှတဆင့်လည်း လွှမ်းမိုးခဲ့ခြင်းဖြစ်သည်။

## သုံး။ ။ မြန်မာနိုင်ငံ အရှေ့တောင်ဘက်ရှိ EAA တရားစီရင်ရေးစနစ်များ ကရင်အမျိုးသား အစည်းအရုံး/ ကရင်လွတ်မြောက်ရေးတပ်

KNU သည် ကရင်ပြည်နယ်၏ နေရာအများစု၊ မွန်ပြည်နယ်၊ ပဲခူးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့၏ အစိတ်အပိုင်းများရှိ ရပ်ရွာလူထုအပေါ် ဩဇာလွှမ်းမိုးမှုအဆင့်အမျိုးမျိုးအား ထိန်းသိမ်းထားသည်။ KNU ကို ဗဟိုအလုပ်အမှု ဆောင်ကော်မတီ (CEC) က ဦးဆောင်ပြီး CEC ကို လေးနှစ်လျှင် တစ်ကြိမ်ကျင်းပသော ကွန်ဂရက်တွင် အဖွဲ့၏ ခရိုင် ခုနစ်ခုမှ ကိုယ်စားလှယ်များက ရွေးချယ်တင်မြှောက်သည်။

**အဖွဲ့အစည်းများနှင့် တည်ဆောက်ထားပုံများ။ ။** KNU ၏ တရားစီရင်ရေးစနစ်တွင် အဓိကကျသော အဖွဲ့အစည်း သုံးခုရှိသည်။ ၎င်းတို့မှာ တရားစီရင်ရေးဌာန၊ တရားသူကြီးအဖွဲ့နှင့် ကရင်အမျိုးသား ရဲတပ်ဖွဲ့ (KNPF) တို့ဖြစ်သည်။ တရားစီရင်ရေးဌာနနှင့် တရားသူကြီး အဖွဲ့သည် သီးခြားအဖွဲ့အစည်းများဖြစ်သော်လည်း နီးကပ်စွာ အလုပ်လုပ်ရပါသည်။ KNPF မှာမူ ပြည်ထဲရေးနှင့် သာသနာရေးဌာန အောက်တွင် ရှိပါသည်။ တရားစီရင်ရေးဌာနနှင့် ပြည်ထဲရေးနှင့် သာသနာရေး ဌာနနှစ်ခုစလုံးသည် ဗဟိုအဆင့်တွင်သာရှိကြကာ အခြားသော အဆင့်တူဌာနများနှင့်အတူ CEC ၏ လက်အောက်တွင်သာ ရှိပါသည်။

**တရားစီရင်ရေးဌာန။ ။** KNU ၏ တရားစီရင်ရေးဌာနသည် ဥပဒေများ ပြုစုရန်၊ လက်ရှိဥပဒေများကို သုံးသပ်ရန်နှင့် ပြင်ဆင်ရန် တာဝန်ရှိသည်။ တရားဥပဒေနှင့်ဆိုင်သော အမှုများတွင် တရားသူကြီးများအား မှတ်ချက်များပေးခြင်းဖြင့် ဥပဒေနှင့်ဆိုင်သော ဆုံးဖြတ်ချက်များကို ပံ့ပိုးမှုများပေးသည်။ တရားစီရင်ရေးဌာနသည် တရားဥပဒေနှင့်ဆိုင်သော ပုဒ်မများကို ကျေးရွာအဆင့်အထိ သိရှိအောင်နှင့် ရပ်ရွာ သင်တန်းများတွင် ဖြန့်ဝေရန် တာဝန်ရှိသည်။

**တရားသူကြီးအဖွဲ့။ ။** တရားသူကြီးအဖွဲ့သည် သီးခြားနှင့် လွတ်လပ်သောအဖွဲ့ဖြစ်သည်။ ၎င်းတွင် တရားရုံးချုပ်၊ ခရိုင်တရားရုံးနှင့် မြို့နယ် တရားရုံးများပါဝင်သည်။ ကျေးရွာအကြီးအကဲသည် ရာဇဝတ်မှု အသေးလေးများနှင့် တရားမအငြင်းပွားမှုများကို ကိုင်တွယ်ရန် အခွင့်အာဏာရှိသည်။ တရားသူကြီးအရေးအတွက်၊ ၎င်းတို့ကို ရွေးချယ်ပုံ လုပ်ငန်းစဉ်နှင့် ၎င်းတို့၏ သက်တမ်းများကို KNU အခြေခံဥပဒေတွင် ဖော်ပြထားပါသည်။ တရားသူကြီးများကို ခန့်အပ်ခြင်းမဟုတ်ပဲ ပါတီအတွင်းမှ ရွေးကောက်တင်မြှောက်ခြင်းဖြစ်သည်။ တရားရုံးချုပ်တွင် တရားသူကြီး သုံးဦးရှိပြီး ခရိုင်တစ်ခု၊ မြို့နယ်တစ်ခုလျှင် တရားသူကြီး တစ်ဦးကို ဒေသအလိုက်ကျင်းပသော ကွန်ဂရက်တွင် ရွေးကောက်တင်မြှောက်ပြီး သက်တမ်း နှစ်နှစ်ရှိပါသည်။ တရားသူကြီးများသည် ဆုံးဖြတ်ချက်များကို လွတ်လပ်စွာ ချမှတ်နိုင်သည်။ သို့သော် အခြားတာဝန်ရှိသူများထံမှ သဘောထားအမြင်များကို တောင်းခံရသည်။ တရားသူကြီးများသည် KNU တွင် အခြားတာဝန်များလည်းရှိပြီး ၎င်းတို့တွင် ကိုယ်ပိုင်ဝန်ထမ်းများရှိသည်။ အခြား KNU အဖွဲ့ဝင်များကဲ့သို့ပင် ၎င်းတို့သည် ပုံမှန်လစာရယူခြင်း မရှိကြပေ။ လက်ရှိ KNU တရားသူကြီးများသည် ပုံမှန်တက္ကသိုလ်အဆင့် ဥပဒေဆိုင်ရာ သင်တန်းများ တက်ရောက်ထားခြင်းမရှိပေ။

**ကရင်အမျိုးသားရဲတပ်ဖွဲ့ (KNPF)။ ။** KNPF ကို ငြိမ်ဝပ်ပိပြားမှုရှိရန်၊ ဖမ်းဆီးမှုများပြုလုပ်နိုင်ရန်နှင့် ရာဇဝတ်မှုများတွင် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်ရန် ၁၉၉၁ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ KNPF အတွက် လမ်းညွှန်များကို ဥပဒေလုပ်ထုံးလုပ်နည်းပုဒ်မတွင် ဖော်ပြထားသည်။ KNPF သည် KNU ၏ ခရိုင် ခုနစ်ခုစလုံးတွင် ရှိပြီး ရဲတပ်ဖွဲ့ဝင် ၆၀၀ ကျော်ရှိ၍ ခရိုင်တိုင်းတွင် အမျိုးသမီးရဲတပ်ဖွဲ့ဝင်များ ပါဝင်သည်။

KNU ၏ အဓိက ကာကွယ်ရေးနှင့်ဆိုင်သော အဖွဲ့များဖြစ်သည့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ် (KNLA) နှင့် ကရင်အမျိုးသား ကာကွယ်ရေးအဖွဲ့ (KNDO) တို့သည် KNPF မရှိသော နေရာများတွင် အစွပ်စွဲခံရသော တစ်ဦးချင်းကို ဖမ်းဆီးရန် သို့မဟုတ် KNU ၏ အများပြည်သူနှင့်ဆိုင်သော ပွဲများတွင် လုံခြုံရေးပေးရန် ကဲ့သို့သော သီးသန့် အခြေအနေများမှ လွဲ၍ ရဲလုပ်ငန်းများကို ထမ်းဆောင်ခြင်းမပြုပေ။ KNPF သည် ၎င်း၏တပ်ဖွဲ့ဝင်သစ် များကို ဆက်လက် လေ့ကျင့်ပေး လျက်ရှိသည်။ KNU တာဝန်ရှိသူများက ရှင်းပြရာတွင် ၎င်းတို့အနေဖြင့် KNPF သည် သူ၏တာဝန်ဝတ္တရားများကို အပြည့်အဝထမ်းဆောင်နိုင်ခြင်း မရှိသေးကြောင်း၊ အင်အားအပြည့်နှင့် သင်တန်းပေးနိုင်မှု မရှိခြင်းကြောင့်ဟုဆိုသည်။ အကြီးတန်း KNU ခေါင်းဆောင်များက ပြောကြားရာတွင် ၎င်းတို့သည် ယခင်နှစ်များစွာက အမှားများခဲ့သော KNPF ၏ အကန့်အသတ်များကို အသိအမှတ်ပြုကြောင်းဆိုသည်။

မကြာမီနှစ်များအတွင်း KNPF အင်အားတိုးလာခြင်း၊ လေ့ကျင့်သင်ကြားပေးမှုများနှင့် လူသစ်စုဆောင်းမှုများတိုး၍ လုပ်ဆောင်လာခြင်းအပေါ် မြန်မာအစိုးရက ဝေဖန်ခဲ့သည်။ သို့သော်လည်း KNU က ခိုင်ခိုင်မာမာပြောကြားရာတွင် KNPF ကို ဆက်လက် ဖော်ဆောင်နေခြင်းသည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင်ဖော်ပြထားသော ကြားကာလအစီအစဉ်များနှင့် ကိုက်ညီကြောင်း ဆိုပါသည်။ NCA တွင် နိုင်ငံရေးသဘောတူညီချက် မရမီကာလအတွင်း EAO များ၏ အုပ်ချုပ်ရေးဆိုင်ရာ အခန်းကဏ္ဍ ဆက်လက်ရှိနေရန် ဖော်ပြထားသည်။[၅]

**ဥပဒေများနှင့် ရာဇဝတ်မှုပုံစံများ။ ။** KNU ၏ ဥပဒေများကို ၁၉၄၈ ခုနှစ်တွင် ပထမဆုံးပြဌာန်းခဲ့သော်လည်း ၎င်းတို့မှာ အခြေခံမျှသာဖြစ်သည်။ ၁၉၇၀ ခုနှစ်များအတွင်း ဥပဒေပုဒ်မများကို ပြန်လည်ဖွဲ့စည်းခြင်းနှင့် တိုးချဲ့ခြင်းများ ပြုလုပ်ခဲ့သည်။ ဥပဒေအသစ်များကို ပြန်လည်ရေးသားခဲ့ကာ ၎င်းတို့ကို လုပ်ထုံးလုပ်နည်းစာအုပ်အပါအဝင် ဥပဒေစာအုပ် လေးအုပ်ဖြင့် အတည်ပြုပြဌာန်းခဲ့သည်။
KNU တွင် ဥပဒေစာအုပ် လေးအုပ်ရှိရာ ၎င်းတို့မှာ ရာဇဝတ်မှုဆိုင်ရာ

[၅] NCA ၏ အပိုဒ် ၂၅ (က) တွင် ရှင်းလင်းစွာ ဖော်ပြထားသည်မှာ EAO များသည် "၎င်းတို့၏ သက်ဆိုင်ရာနယ်မြေများတွင် ဖွံ့ဖြိုးရေးနှင့် လုံခြုံရေးအတွက် တာဝန်ရှိသည်" ဟူ၍ဖြစ်သည်။

ဥပဒေ၊ တရားမမှုဆိုင်ရာ ဥပဒေ၊ 'မော်' ဥပ ဒေနှင့် ဥပဒေလုပ်ထုံးလုပ်နည်းစာအုပ်များဖြစ်သည်။ ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများစာအုပ်သည် ဥပဒေကို မည်သို့အကောင်အထည်ဖော်မည် ဆိုသည်နှင့် ဆိုင်သည်။ ရာဇဝတ်မှုဆိုင်ရာဥပဒေစာအုပ်သည် ရာဇဝတ်မှုအမျိုးမျိုးနှင့် ပြစ်ဒဏ်များကို ဖော်ပြထားသည်။ တရားမမှုဆိုင်ရာဥပဒေသည် ပုဂ္ဂလိကတစ်ဦးချင်းကြားဖြစ်ပွားသော အငြင်းပွားမှုများ ကိုင်တွယ်ခြင်းကို ဖော်ပြထားသည်။ 'မော်' ဥပဒေစာအုပ်သည် တခြားကမ္ဘာမှ အနောက်အယှက်များ၊ ကရင်လူမျိုးများက အလွန်ယုံကြည်သော နတ်ဆရာများ၏ ပြုစားခြင်းများနှင့်ဆိုင်သည်။

KNU နှင့် အစိုးရကြား အပစ်အခတ်ရပ်စဲခဲ့ခြင်းသည် KNU အဖွဲ့အား ၎င်း၏ ပုံစံတကျရှိမည့် ဥပဒေလုပ်ထုံးလုပ်နည်းများကို ရေးဆွဲရန် လုပ်သာကိုင်သာရှိလာစေသည်။ မကြာသေးမီက KNU သည် တရားရုံးချုပ်အောက်တွင် ကရင်ဥပဒေရေးရာကော်မတီကို ဖွဲ့စည်းခဲ့ပြီး၊ ၎င်း၏ တာဝန်ဝတ္တရားမှာ တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်နှင့် ဥပဒေဆိုင်ရာ အသိအမြင်များပြန့်ပွားလာရန်ဖြစ်သည်။ ၎င်းသည် ဥပဒေစနစ်များပြုပြင်ပြောင်းလဲရန်၊ ဥပဒေဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်သော ဗဟုသုတများအားကောင်းလာရန်နှင့် တရားသူကြီးများကို လေ့ကျင့်သင်ကြားပေးရန် လုပ်ဆောင်နေသည်။

**လွှဲပြောင်းပုံအဆင့်ဆင့်။** ရာဇဝတ်မှုဖြစ်ပွားပါက သို့မဟုတ် ရွာသားများကြားတွင် အငြင်းပွားမှုဖြစ်ပါက အမှုကို ကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စု ခေါင်းဆောင်ထံသို့ ယူဆောင်လာနိုင်သည်။ သို့သော်လည်း ကာယကံရှင်သည် KNU အာဏာပိုင်များနှင့် အဆက်အသွယ်ရှိပါက ၎င်းတို့၏အမှုကို KNU အာဏာပိုင်များထံ တိုက်ရိုက်အပ်နှံနိုင်သည်။ KNU ဥပဒေတွင် ဖော်ပြထားသည်မှာ အကယ်၍ ကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စုခေါင်းဆောင်များက လူသတ်မှု သို့မဟုတ် မုဒိမ်းမှုကဲ့သို့သော သီးခြားပြင်းထန်သော ရာဇဝတ်မှုများဖြစ်သည်ဟု ယူဆရပါက KNU စနစ်များသို့ လွှဲပြောင်းပေးရမည်ဟုဆိုထားသည်။ ပြင်းထန်သော အမှုများကိုသာ လွှဲပြောင်းရမည်ဟု ဆိုထားသည့်တိုင် ကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စုခေါင်းဆောင်များက ၎င်းတို့ကိုင်တွယ်နိုင်လိမ့်မည်မဟုတ်ဟု ခံစားရသော အမှုများကိုလည်း KNU စနစ်သို့ လွှဲပြောင်းပေးနိုင်သည်။ ထိုသို့သောကိစ္စရပ်များကို ကနဦးတွင် မြို့နယ်အာဏာပိုင်များသို့ လွှဲပေးရပါသည်။ ထို့နောက်တွင်မှ KNU ဥပဒေတွင် ဖော်ပြထားသည်မှာ ရာဇဝတ်မှုတစ်ခုစီကို မည်သည့်အဆင့်က ကိုင်တွယ်သင့်သည်ကို ဖော်ပြခြင်းဖြစ်ကာ ပို၍ကြီးမားသော ရာဇဝတ်မှုများကို ပိုမြင့်သောအဆင့်က ကိုင်တွယ်ရပါသည်။

**စုံစမ်းစစ်ဆေးခြင်းနှင့် တရားရုံး လုပ်ထုံးလုပ်နည်းများ။** ကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စုအဆင့် အမှုများသည် KNU ဥပဒေက အခွင့်အာဏာ ပေးထားသော ပုံမှန်စုံစမ်းစစ်ဆေးခြင်းနှင့် တရားရုံး လုပ်ထုံးလုပ်နည်းများကို ဖြတ်သန်းရန်မလိုပေ။ ကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စုခေါင်းဆောင်များသည် နှစ်ဖက်စလုံးကိုခေါ်ယူ၍ အမှုကို ဆွေးနွေးစေရသည်။ တရားခွင်ကို ကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စုအဆင့်တွင် ပြုလုပ်သောအခါ ကျေးရွာခေါင်းဆောင်နှင့် အခြားသြဇာရှိသော အလွတ်သဘောခေါင်းဆောင်များက ပြစ်ဒဏ်ကို ဆုံးဖြတ်ကြသည်။ ကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စုခေါင်းဆောင်များသည် တစ်ခါတစ်ရံ "ရွှေ့လျားတရားသူကြီးများ" ဟု ဆိုသူများကို ခေါ်ယူသည်။ ထိုလူများသည် ဗဟုသုတကြွယ်ဝသူများဟု ယူဆခံရသူများဖြစ်ကာ ၎င်းတို့ခဗသည် KNU တရားစီရင်ရေးစနစ်၏ အစိတ်အပိုင်းများမဟုတ်ကြပေ။ ထို့အပြင် ဘုန်းတော်ကြီးများသည်လည်း ဗုဒ္ဓဘာသာရွာအများစုတွင် ဒေသန္တရအဆင့် တရားစီရင်ရေးနှင့် အငြင်းပွားမှု (အနညာတ) လုပ်ထုံးလုပ်နည်းများတွင် အခန်းကဏ္ဍတစ်ခုမှ ပါဝင်နေသည်။ အချို့နယ်မြေများတွင် ၎င်းတို့၏ ကိုယ်ကျင့်သိက္ခာကောင်းမွန်မှုကြောင့် သြဇာအာဏာလွှမ်းမိုးမှုသည်ကျေးရွာသို့မဟုတ်ကျေးရွာအုပ်စုခေါင်းဆောင်များထက်ပင် ပိုကြီးနေသည်ကိုတွေ့ရသည်။ ခရစ်ယာန် ဘုန်းတော်ကြီးများမှာမူ ထိုသို့သော အခန်းကဏ္ဍရှိပုံမရဘဲ တရားရေးကိစ္စရပ်များတွင် ပါဝင်ပတ်သက်မှု အတော်ကင်းကြသည်ကို တွေ့ရသည်။

အကယ်၍ အမှုကိစ္စကို ကျေးရွာ သို့မဟုတ် ကျေးရွာအုပ်စုအဆင့်တွင် မကိုင်တွယ်နိုင်ပါက ပုံမှန်လုပ်ထုံးလုပ်နည်းမှာ ကျေးရွာအုပ်စု လုံခြုံရေးအကြီးအကဲသည် မြို့နယ် KNPF ကို အဆက်အသွယ်ပြုလုပ်ရပါသည်။ ထို့နောက်တွင်မှ ရဲက တွေ့ရှိချက်များကို တရားသူကြီးထံ အစီရင်ခံရသည်။ တရားခွင်ကို တရားသူကြီးဦးဆောင်သော တရားရေးကော်မတီများက ကျင်းပရသည်။ တရားရေးကော်မတီကို တရားသူကြီးက ရွေးချယ်ရပြီး ၎င်း၏ဖွဲ့စည်းပုံမှာ အခြေအနေနှင့် အနေအထားပေါ်တွင် မူတည်သည်။ တရားခံ သို့မဟုတ် အစွပ်စွဲခံရသူကို အပြစ်ရှိ မရှိ ထွက်ဆိုနိုင်ရန်မေးမြန်းရသည်။ ထို့နောက်တရားသူကြီးသည် ကျူးလွန်ခံရသူ၊ တရားခံ သို့မဟုတ် အစွပ်စွဲခံ ရသူနှင့် မျက်မြင်သက်သေများကို မေးခွန်းများမေးနိုင်သည်။ KNPF အရာရှိများ၊ တရားလို၊ တရားခံတို့သည် မျက်မြင်သက်သေများကို ခေါ်ယူနိုင်သည်။ သက်သေအထောက်အထားများတင်သွင်းနိုင်သည်။ ထွက်ဆိုချက်ပေးနိုင်သည်။ ရှေ့နေများမရှိပေ။ အကြောင်းမှာ လေ့ကျင့်ပေးထားသော ရှေ့နေများမရနိုင်၍ဖြစ်သည်။ လက်တွေ့တွင်မူ အမှုများကို အမြဲတစေအတည်ပြုထားသော လုပ်ထုံးလုပ်နည်းများအတိုင်း ကိုင်တွယ်နိုင်သည်မဟုတ်ပေ။

**ပြစ်ဒဏ်များ။** KNU တွင် ခရိုင်နှင့် မြို့နယ်အဆင့် အကျဉ်းထောင်များ ရှိရမည်ဖြစ်သည့်ပြင် ဌာနချုပ်တွင် ဗဟိုအကျဉ်းထောင်ရှိရမည် ဖြစ်သည်။ လက်ရှိတွင်မူ ဗဟိုအကျဉ်းထောင်မရှိပေ။ ခရိုင်လေးခုတွင် ထောင်များရှိကာ ထောင်ရှိသော မြို့နယ်မရှိပေ။ ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေးအပြီးတွင် တရားရေးဌာနသည် ခရိုင်များကို ၎င်းတို့ကိုယ်ပိုင်အကျဉ်းထောင်ဆောက်ရန် တောင်းဆိုခဲ့သည်။ အရပ်သားများနှင့် စစ်တပ်မှ ထောင်သားများအတွက် သီးခြားခွဲထားရပြီး KNLA စစ်သားများကလုံခြုံရေးတာဝန်ယူရသည်။ ရပ်ရွာအဆင့်တွင် ထိပ်တုံးများသည် ပြစ်ဒဏ်ပေးသည့် ပုံစံတစ်မျိုးဖြစ်သည်။

**KNU မှ တာဝန်ရှိသူများ ကျူးလွန်သည့် ပြစ်မှုများ။** KNU တာဝန်ရှိသူများ၊ KNLA နှင့် KNDO မှ စစ်သားများ ပြစ်မှုကျူးလွန်ပါကလည်း ပြစ်ဒဏ်များပေးပါသည်။ သို့သော် ထိုသို့သော အမှုများမှာ ရှားပါးသည်။ ၂၀၁၄ ခုနှစ်ကတည်းက ထိုသို့သော အမှုများကို KNU ၏

တရားစီရင်ရေးစနစ်သို့သာ တင်ပြကြရသည်။ ယခင်ကမူ စစ်တပ်သို့ လွှဲပြောင်းပေးရသည်။[၇]

**တရားစီရင်ရေးစနစ် ပြုပြင်ပြောင်းလဲခြင်း။** တွေ့ဆုံမေးမြန်းခဲ့သော KNU ခေါင်းဆောင်များက တရားစီရင်ရေးစနစ်သည် စင်းလုံးချော မဟုတ်သော်လည်း လက်နက်ကိုင်တိုက်ပွဲဝင်သည့် ကာလအတွင်း တတ်နိုင်သမျှ အားကောင်းသည်ဟု ခံစားရကြောင်း ဆိုပါသည်။ အဓိကပြဿနာမှာ KNU ၌ လူသားအရင်းအမြစ် ရှားပါးခြင်းဖြစ်ပြီး လူအတော်များများမှာလည်း ဌာနအသီးသီးတွင် အလုပ်တာဝန်အမျိုးမျိုး ကို ထမ်းဆောင်နေကြပြီးဖြစ်သည်။ ဥပဒေနှင့် တရားစီရင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ကောင်းမွန်စွာ လေ့ကျင့်ပေးထားသော တရားသူကြီးများ ပိုမိုလိုအပ်သည်ဆိုသည့်အပေါ် အသိအမှတ်ပြုထား ကြသည်။

### ကလိုထူးဘော ကရင်အဖွဲ့အစည်း (KKO)/ ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော် (DKBA)

ဒီမိုကရက်တစ်ကရင်ဗုဒ္ဓဘာသာတပ် (Democratic Karen Buddhist Army) ကို ၁၉၉၄ ခုနှစ်တွင် KNU မှ ခွဲထွက်လာသော အုပ်စုကြီးက ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ၎င်းသည် တပ်မတော်နှင့်အတူ လက်တွဲ၍ KNU ကို တိုက်ခိုက်ခဲ့ပြီးနောက် တပ်မတော်က နယ်ခြားစောင့်တပ် (BGF) အသွင်ပြောင်းရန် တောင်းဆိုမှုကြောင့် အဖွဲ့နှစ်ခြမ်းကွဲခဲ့သည်။ ပိုကြီးသော အဖွဲ့က နယ်ခြားစောင့်တပ် ၁၂ ဖွဲ့ ဖွဲ့စည်းခဲ့ရာ အမှတ် ၁၀၁၁ မှ ၁၀၂၂ အထိဖြစ်သည်။[၆] နောက်တစ်ဖွဲ့မှာ KNU နှင့် ပြန်ပေါင်း သွားခဲ့ပြီး တပ်မတော်ကို ပြန်လည်ရင်ဆိုင်တိုက်ခိုက်ခဲ့သ ည်။ ထိုအဖွဲ့ သည် ၂၀၁၁ ခုနှစ်တွင် ဦးသိန်းစိန်အစိုးရနှင့် အပစ်ရပ်စာချုပ်လက်မှတ် ရေးထိုးခဲ့ပြီး အဖွဲ့အမည်ကို ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော် (Democractic Karen Benevolent Army-DKBA) အမည်ပြောင်းခဲ့ သည်။ ၂၀၁၂ ခုနှစ် တွင် ကလိုထူးဘောကရင်အဖွဲ့အစည်း (KKO) ဟု ခေါ်သော အရပ်သား အဖွဲ့တစ်ခုကိုလည်း ဖွဲ့စည်းခဲ့သည်။ ၎င်း ထိန်းချုပ်သော နယ်မြေမှာ ကရင်ပြည်နယ်အရှေ့တောင်ဖက်တွင်များပြီး ဖားအံ-မြဝတီလမ်း၏ တောင်ဖက်လည်း ပါဝင်ကာ အရှေ့ဒေါနဖုန် နှင့် အနောက်ဒေါနဖုန်ဟု ပိုင်းခြားထားသည်။

KKO/DKBAသည်မူရင်းအားဖြင့်စစ်တပ်အဖွဲ့အစည်းဖြစ်သောကြောင့် အရပ်သားအုပ်ချုပ်သည့် သီးခြားဖွဲ့စည်းပုံမရှိပေ။ KKO ကို အဖွဲ့၏ အုပ်ချုပ်ရေးလက်တံအဖြစ် ရည်ရွယ်ခဲ့သော်လည်း အာဏာများများ စားစား သက်ရောက်ရန် လိုအပ်နေသေးကာ လက်ရှိတွင် KNU နှင့် ဆက်ဆံရေးအများဆုံးပါဝင်သော အခြေခံနိုင်ငံရေးမူဝါဒ ရေးသားရေး အတွက်သာ အားထည့်လုပ်ဆောင်နိုင်သေးသည့် လူငါးဦးပါသည့် ရုံးအဖွဲ့သာရှိပါသည်။ DKBA သည် ဒေသန္တရအုပ်ချုပ်ရေးကို ကျေးရွာ ခေါင်းဆောင်များကို လွှဲအပ်ထားပြီး မြို့နယ်အဆင့်နှင့် ခရိုင်အဆင့် အုပ်ချုပ်ရေးကို KNU သို့ လွှဲအပ်လိုပေသည်။ ၎င်းတွင် တရားစီရင်ရေး ကို စီမံခန့်ခွဲအုပ်ချုပ်ရန်လည်း ပါဝင်သည်။

**တရားစီရင်ရေးလုပ်ငန်းစဉ်။** တရားစီရင်ရေးကို ကိုင်တွယ်ခြင်းသည် KNU ထူထောင်ထားသော အုပ်ချုပ်ရေးစနစ်ရှိသော အခြားနေရာများ ကဲ့သို့အတူတူပင်ဖြစ်သည်။ ထို့ကြောင့် အသေးအဖွဲကိစ္စရပ်အများစုကို ကျေးရွာအဆင့်တွင် ကိုင်တွယ်ကာ ဒေသခံဘုန်းတော်ကြီးများ သို့မဟုတ် အခြားသြဇာရှိသော ပုဂ္ဂိုလ်များ ပါဝင်လုပ်ဆောင်သည်။ သို့သော် ပိုကြီးသော သို့မဟုတ် မဖြေရှင်းနိုင်သော ရာဇဝတ်မှုများကို KNU သို့ လွှဲပေးသည်။ DKBA ၏ နယ်မြေ များသည် မွန်ပြည်သစ်ပါတီ (NMSP)၊ ကရင် BGF အမျိုးမျိုး၊ ကရင်ငြိမ်းချမ်းရေးကောင်စီ၊ အစိုးရတို့ ၏ နယ်မြေများနှင့် ထပ်နေပါသည်။ DKBA ၏ အဆိုအရ ၎င်းသည် အမှုများကို အစိုးရတရားစီရင်ရေးစနစ်သို့ လွှဲပြောင်းပေးခြင်းမရှိဟု ဆိုသည်။ သို့သော်လည်း DKBA ကို အစိုးရက မည်သို့ကိုင်တွယ်ရမည် ဆိုသည့် အကြံဉာဏ်ပေးသော အမှုမျိုးတော့ ရှိပါသည်။

### မွန်ပြည်သစ်ပါတီ/မွန်အမျိုးသားလွတ်မြောက်ရေးတပ်

မွန်ပြည်သစ်ပါတီ၏ အုပ်ချုပ်ရေးစနစ်သည် ၎င်း၏ သြဇာလွှမ်းသည့် နယ်မြေများကို ဌာနချုပ်နယ်မြေနှင့် သထုံ၊ မော်လမြိုင်နှင့် ထားဝယ်တို့ ပါဝင်သော ခရိုင်သုံးခု ခွဲထားသည်။ ခရိုင်တစ်ခုစီတွင် မြို့နယ်များပါဝင် သည်။ ၁၉၉၅ ခုနှစ် အစိုးရနှင့် သဘောတူညီချက်အရ ၎င်းတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အပစ်အခတ်ရပ်စဲထားသော နယ်မြေအချို့ကို ထိန်းချုပ်ခွင့်ရသည်။ ထိုအစိတ်အပိုင်းများထဲမှ အကြီးဆုံးအပိုင်းမှာ မွန်ပြည်နယ်၏ ထိုင်းနိုင်ငံနှင့် ထိစပ်နေသော နယ်ပစ်အစိတ်အပိုင်း ဖြစ်သည်။ NMSP နှင့် KNU တို့၏ ခရိုင်နယ်မြေများသည် သိသာစွာပင် ထပ်နေပြီး၊ ထပ်နေသဖြင့် ပိုင်ဆိုင်မှုအတွက် အငြင်းပွားနေသည့် နယ်မြေအချို့လည်း ရှိနေသေးသည်။ အပစ်အခတ်ရပ်စဲရေးဇုန်မှ ကျေးရွာခေါင်းဆောင်များသည် NMSP ကိုသာ တစ်ဦးတည်းသော အာဏာပိုင်အဖြစ် အသိအမှတ်ပြုကြကာ မြန်မာအာဏာပိုင်များကို

---

[၆] နယ်ခြားစောင့်တပ် ၁၀၂၃ ကို KNU မှခွဲထွက်သည့်အဖွဲ့ ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့နှင့် တပြိုင်တည်းဖွဲ့စည်းခဲ့သည်။

[၇] ၂၀၁၀ BGFs အဖြစ်သို့အသွင်မပြောင်းခင်မူလ DKBA (၁၉၉၄ - ၂၀၁၀) တွင်တပ်မတော်သည် DKBA နယ်မြေများ၌တရားစီရင်မှုအုပ်ချုပ်ရေးနှင့်ပတ်သက်၍တာဝန်ရှိသ ည့်အဖွဲ့ဖြစ်သည်။ DKBA သည်၎င်းတို့၏ဌာနချုပ်နယ်မြေဖြစ်သည့်မြိုင်ကြီးငူဒေသတွင်း၌သာတရားဥပဒေကြောင်းအရဆောင်ရွက်နိုင်သည်။ထိုအချိန်တွင်အစိုးရ၏အာဏာပို င်အနည်းငယ်သည်ယင်းမြိုင်ကြီးငူဒေသ အပြင်ဘက်တွင်ရှိသည်။ယခင်က DKBA တပ်မဟာ၅၏ဌာနချုပ်ဖြစ်ခဲ့သောဝေလီဒေသတွင်၂၀၁၀နိုဝင်ဘာလထိတရားဥပဒေနှင့်ပ တ်သက်သည့်ကိစ္စရပ်များတွင် DKBA အနေဖြင့်တိုက်ရိုက်ကိုင်တွယ်ခြင်းမရှိဘဲဒေသတွင်းအရပ်ဘက်ခေါင်းဆောင်များနှင့်လွှဲထားခဲ့သည်။ပြင်းထန်ကြီးမားသည့်ကိစ္စရပ်များ မှသာတပ်မတော်မှတရားစွဲဆိုပြီးစီရင်ချက်ချမှတ်ကိုင်တွယ်ခဲ့သည်။မြို့နယ်အဆင့်တွင်မသင်္ကာသူများအားစစ် တပ်မှာဖမ်းချုပ်ပြီးစီရင်ချက်ချလေ့ရှိခဲ့သည်။ထိုအချိန်ထိ DKBA မှာဝင်ရောက်စွက်ဖက်ခြင်းမရှိခဲ့ပါ။

[၈] Kim Joliffe, *Ethnic Armed Conflict and Territorial Administration in Myanmar* (Yangon: The Asia Foundation, 2015), 56-57. ဌာန ချုပ်နယ်မြေသည် ခရိုင်အဆင့်တွင်ရှိသော်လည်း ထိုသို့ စဉ်းစားခြင်းမရှိပေ။

[7] Jolliffe, *Ethnic Armed Conflict,* 78-9. ထိုဒေသကို UWSP ၏ ၁၉၈၉ ခုနှစ် မူလ အပစ်ရပ်သဘောတူညီချက်တွင် အထူးဒေသ ၂ ဟု အ မည်ပေးခဲ့ရာ ထိုအမည်ကိုပင် ၂၀၁၂ ခုနှစ်က အစိုးရနှင့် အပစ်ရပ်သဘောတူညီချက်တွင်လည်း ထပ်ခါထပ်ခါ ရည်ညွှန်းခဲ့သည်။

[၈] အမှန်တကယ်ပင် ၎င်းမှာ ဤဒေသတွင် ဗမာခေါင်းဆောင်များက ထူထောင်ခဲ့သည့် တစ်ခုတည်းသော ဗဟိုကချုပ်ကိုင်သည့် အုပ်ချုပ်ရေးစနစ်ဖြစ်သည်။

လည်း ကြိုတင်ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်းကို တားမြစ်ထားသည်။[၆] NMSP ၏ အမှုဆောင်ကော်မတီသည် အဓိကဌာနသုံးခုကို ကြီးကြပ်ရသည်။ ၎င်းတို့မှာ မွန်အမျိုးသားလွတ်မြောက်ရေးတပ် အပါအဝင် ကာကွယ်ရေး၊ ပါတီရေးရာများနှင့် အုပ်ချုပ်ရေးတို့ဖြစ်သည်။ အုပ်ချုပ်ရေးဌာနသည် အခြားဌာန ရှစ်ခုကို ကြီးကြပ်ရာ တရားစီရင်ရေးဌာနလည်း ပါသည်။

**အဖွဲ့အစည်းများနှင့် တည်ဆောက်ထားပုံများ။** တရားစီရင်ရေးဌာနသည် အုပ်ချုပ်ရေးအဆင့်တိုင်းတွင် တရားရေးကော်မတီများဖြင့်လည်ပတ်သည်။ ဗဟိုအဆင့်တွင် အဖွဲ့ဝင်ခုနစ်ဦးပါဝင်သော တရားရေးကော်မတီကို NMSP တွဲဖက်အတွင်းရေးမှူးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည်။ ခရိုင်အဆင့်တွင် ကော်မတီအဖွဲ့ဝင်များအဖြစ် ခရိုင်ဥက္ကဋ္ဌ၊ အုပ်ချုပ်ရေးဌာနနှင့် ဌာနခွဲများမှ အဖွဲ့ဝင်များနှင့် MNLA မှ တာဝန်ရှိသူများ ပါဝင်သည်။ ခရိုင် ကော်မတီကို ဒေသခံတရားစီရင်ရေးအကြီးအကဲက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ မြို့နယ်အဖွဲ့ဝင် ငါးဦးကော်မတီတွင် ကျေးရွာအကြီးအကဲများ၊ မြို့နယ်ကော်မတီအဖွဲ့ဝင်များနှင့် တပ်မှအရာရှိများပါဝင်သည်။ မြို့နယ်တရားရေးကော်မတီသည် စုံစမ်းစစ်ဆေးရေးလုပ်ငန်းကော်မတီအဖြစ်သာ တာဝန်ယူရပြီး တရားစီရင်ရေးနှင့်ဆိုင်သော ဆုံးဖြတ်ချက်များချမှတ်ခြင်း မပြုရပေ။ ရပ်ရွာလူထုက ကျေးရွာတရားသူကြီးများကို ရွေးချယ်တင်မြှောက်ရပြီး ၎င်းတို့သည် ကျေးရွာတရားရေးကော်မတီကို ဦးဆောင်ရသည်။ NMSP တွင် ရဲတပ်ဖွဲ့မရှိပါ။ MNLA သည် အစွပ်စွဲခံရသူတစ်ဦးချင်းကို ဖမ်းဆီးရန် တာဝန်ယူရသည်။

**ဥပဒေများ။** NMSP တွင် ကာလကြာရှည်ကပင် ကိုယ်ပိုင်ပြဌာန်းထားသော တရားဥပဒေများရှိရာ ၎င်းတို့မှာ ကိုလိုနီခေတ် မြန်မာနိုင်ငံမှ တရားဥပဒေများကို စစ်ဆေးပြီးမှ ရေးသားထားခြင်းဖြစ်သည်။ အဆိုပါ တရားဥပဒေများကို အချိန်ကာလအားလျော်စွာ ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ခြင်းများကို NMSP ထိန်းချုပ်နယ်မြေပြင်ပမှ ပညာရှင်များကို ဖိတ်ခေါ်၍ ပြန်လည်သုံးသပ်မှုများပြုကာ လုပ်ဆောင်ပါသည်။

**တရားစီရင်ရေးကို စီမံအုပ်ချုပ်ပုံ။** ပထမဦးစွာ ရာဇဝတ်မှု သို့မဟုတ် အငြင်းပွားမှုကို ကျေးရွာအဆင့်တရားသူကြီးထံ သတင်းပို့ရသည်။ အကယ်၍ သီးသန့်အုပ်ချုပ်ရေးအဆင့်ကသာ ကိုင်တွယ်ရန် အခွင့်အာဏာပေးထားသည့် ရာဇဝတ်မှုမျိုး၊ ရပ်ရွာအဆင့်တွင် ဖြေရှင်းနိုင်ခြင်းမရှိသည့် အမှုမျိုး၊ သို့မဟုတ် တရားလို သို့မဟုတ် တရားခံမှ တက်ကြွစွာ အယူခံဝင်နေခြင်းတို့ ရှိနေပါက ပို၍မြင့်သော အာဏာပိုင်ထံ သတင်းပို့ရပါသည်။ အသေးအဖွဲရာဇဝတ်မှုများနှင့် တရားမမှုများကို ကျေးရွာအဆင့်တွင် ကိုင်တွယ်ရသည်။ အမှုအများစုကို ခရိုင်အဆင့် သို့မဟုတ် အောက်အဆင့်တွင် ဖြေရှင်းရသည်။ အမှုအနည်းငယ်သာ ဗဟိုအဆင့်သို့ တက်သည်။

**တရားစီရင်ပိုင်ခွင့်။** NMSP ၏ တရားစီရင်ရေးဌာနသည် ၎င်းတိုက်ရိုက်ထိန်းချုပ်သော နယ်မြေအပြင်ဘက်မှ အမှုများကိုသာ ထိုဒေသမှ အာဏာပိုင်များက သဘောတူပါက ကိုင်တွယ်သည်။ မွန်ဒေသများတွင် "တရားစီရင်ရေးစနစ်ကို ဈေးဝယ်သလို" လုပ်ဆောင်ခြင်းများရှိသည်။ အကယ်၍ လူများသည် NMSP က ဆုံးဖြတ်ချက်ကို သဘောမကျပါက အစိုးရထံမှ အခြားအခြားသက်သာသော ဆုံးဖြတ်ချက်ရမလားဟု ရှာဖွေခြင်းများရှိသည်။ အစိုးရ နှင့် NMSP ကြားတွင် တရားဝင် ညှိနှိုင်းဆောင်ရွက်ခြင်းများ မရှိပေ။ သို့သော် တစ်ခါတစ်ရံ အစိုးရသည် ရာဇဝတ်မှုကျူးလွန်သည်ဟု သံသယရှိသူ ပုဂ္ဂိုလ်တစ်ဦးချင်းကို လွှဲပြောင်းပေးရန် NMSP အား တောင်းဆိုခြင်းများရှိသည်။

KNU နှင့် NMSP တို့ ထိန်းချုပ်မှုရောထွေးနေသော နေရာများတွင် KNU သည် ကရင်ရွာများမှ အမှုများကို ကိုင်တွယ်ပြီး NMSP က မွန်ရွာများမှ အမှုများကို ကိုင်တွယ်သည်။ NMSP နယ်မြေတွင် ဖြစ်ပွားသော ရာဇဝတ်မှုတစ်ခု၌ ကရင်လူမျိုးတစ်ဦးနှင့် မွန်လူမျိုးတစ်ဦးတို့ ပါဝင်နေပါက တရားစီရင်ရာတွင် KNU တာဝန်ရှိသူကို ပါဝင်ရန် ဖိတ်ကြားလေ့ရှိသည်။ NMSP ၏ အဆိုအရ KNU ထိန်းချုပ်နေရာတွင် ဖြစ်ပွားပြီး မွန်လူမျိုးများပါဝင်ပတ်သက်သော ရာဇဝတ်မှုမျိုးအတွက်လည်း ထပ်တူညီသော အစီအစဉ်များဖြင့် ကိုင်တွယ်သည်ဟု ဆိုသည်။

**ပြစ်ဒဏ်များ။** ရပ်ရွာအဆင့်တွင် ရာဇဝတ်မှုအတွက် ပြစ်ဒဏ်ပေးခြင်းများတွင် ထိပ်တုံးခတ်ခြင်းပါဝင်ပြီး ၂၄ နာရီ ထက်တော့မပိုပေ။ ခရိုင်အဆင့်နှင့် ဗဟိုအဆင့်တွင် ဖြစ်ပွားသော ရာဇဝတ်မှုများအတွက် ချမှတ်လေ့ရှိသော ပြစ်ဒဏ်များမှာ ထောင်ဒဏ်၊ နေအိမ်အကျယ်ချုပ်၊ သံခြေကွင်းခတ်ခြင်းနှင့် ဒဏ်ငွေပေးစေခြင်းများဖြစ်သည်။ NMSP တွင် သေဒဏ်ပေးခြင်းမရှိပေ။ တရားမမှုများအတွက် ငွေကြေးလျော်ကြေးပေးရန် ဆုံးဖြတ်ချက်ချခွင့် ပေးထားသည်။ ထောင်များမှာ ခရိုင်အဆင့်နှင့် ဗဟိုဌာနချုပ်တွင် ရှိပြီး NMSP ၏ အုပ်ချုပ်ရေးဌာန၏ အောက်တွင် အရပ်သားများက အုပ်ချုပ်သည်။

**MNLA တပ်မှ တာဝန်ရှိသူများ ကျူးလွန်သည့် ရာဇဝတ်မှုများ။** NMSP ၏ အကြီးတန်းတာဝန်ရှိသူများ၏ အဆိုအရ MNLA စစ်သားများပါဝင်ကျူးလွန်သည့်အမှုများကိုအလေးအနက်ထားကိုင်တွယ်ကာ တပြေးညီသော တရားစီရင်ရေး လုပ်ထုံးလုပ်နည်းများအတိုင်းသာ စီရင်ရသည်။ အဆိုပါအမှုများကို အုပ်ချုပ်ရေးဌာနနှင့် တပ်မှတာဝန်ရှိသူများပါဝင်သည့် ကော်မရှင်က ပထမဦးစွာ ဆွေးနွေးရသည်။ ကော်မရှင်က ဆုံးဖြတ်ချက်ပေးရသော်လည်း အရပ်ဖက်နှင့် စစ်ဖက်သဘောတူညီမှုမရပါက ထိုအမှုကို တရားရေးဌာနသို့ ပို့နိုင်သည်။ အကယ်၍ စစ်သားတစ်ဦးသည် အပြစ်ရှိကြောင်းတွေ့ရှိရပါက ၎င်းအား အကျဉ်းထောင်သို့ပို့ရသည်။ စစ်သားတစ်ဦးက အခြားစစ်သားတစ်ဦးကို ကျူးလွန်သော အမှုများအတွက် စစ်တပ်ကော်မတီက ကိုင်တွယ်ရသည်။

## ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ/ ကရင်နီစစ်တပ်

KNPP သည် ကယားပြည်နယ်တွင် နိုင်ငံရေးအရ အတက်ကြွဆုံး EAA ဖြစ်သည်။ ၎င်းတွင် အားကောင်းသော အခြေစိုက်စခန်းအနည်းငယ်သာရှိသော်လည်း မြို့နယ်အတော်များများတွင် စစ်စခန်းများနှင့် ရွေ့လျားနေရာယူမှုများကို ထိန်းသိမ်းထားနိုင်သည်။ ထို့အပြင် ၎င်း

သည် ကျေးရွာအဆင့် ခေါင်းဆောင်မှုဖွဲ့စည်းပုံနှင့် လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်းများမှတဆင့် နယ်မြေအတော်များများတွင် ၎င်းတို့၏ အုပ်ချုပ်ရေးရှိနေမှုကို ထိန်းသိမ်းထားသည်။ ကယား ပြည်နယ်အတွင်း အချို့သောနယ်မြေများသည် အစိုးရနှင့် သဘောတူ ညီချက်အရ KNPP အား အုပ်ချုပ်ရန် ခွင့်ပြုထားသော နယ်မြေများ ဖြစ်သည်။ KNPP တွင် အုပ်ချုပ်ရေးဌာန ရှစ်ခုမှ ဆယ်ခုကြားတွင် ရှိကာ တရားရေးဌာနသည် ၎င်းတို့အထဲမှ တစ်ခုဖြစ်သည်။[၉] KNPP နှင့် အစိုးရတို့သည် ၂၀၁၂ ခုနှစ်က နှစ်ဦးနှစ်ဖက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။ ထို့ကြောင့် အခြေအနေသည် တည်ငြိမ်သည်ဟု ဆိုနိုင်ကာ KNPP ကိုလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အဆင့်အမျိုးမျိုးတွင် တက်ကြွစွာပါဝင်ခွင့် ပြုထားသည်။

**အဖွဲ့အစည်းများနှင့် တည်ဆောက်ထားပုံများ။** KNPP ၏ တရားရေး ဌာနသည် ဗဟိုအဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်များတွင် အသက်ဝင်လှုပ်ရှားလျက်ရှိသည်။ KNPP ၏ အခြေခံဥပဒေနှင့်အညီ တရားရေးဌာနအောက်ရှိတရားရေးကော်မတီသည် မြို့နယ်အဆင့်နှင့် ခရိုင်အဆင့်တွင် တရားသူကြီး သုံးဦးစီခန့်အပ်သည်။ မြို့နယ်နှင့် ခရိုင်တရားသူကြီးများသည် KNPP တရားရေးဌာနမှလည်းကောင်း၊ အခြား KNPP အုပ်ချုပ်ရေးဌာနများမှလည်းကောင်း လွတ်လပ်စွာ တည်ရှိကာ တရားသူကြီးများအဖြစ် အချိန်ပြည့်တာဝန်ထမ်းဆောင်ရ သည်။ သို့သော် ဗဟိုအဆင့်တွင် တရားသူကြီးများသည် တရားရေး ဌာနမှ ဖြစ်သည်။ တရားရေးဌာနတွင် ကရင်နီဥပဒေနှင့် လူ့အခွင့်အရေး ကော်မတီဆိုသည့် အဖွဲ့ပါဝင်ကာ ထိုအဖွဲ့သည် KNPP ဝန်ထမ်းများ နှင့် ရပ်ရွာလူထုကို လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒီမိုကရေစီ နှင့် အခြေခံဥပဒေဆိုင်ရာ သင်တန်းများပေးသည်။ KNPP တွင် ရဲတပ်ဖွဲ့မရှိပါ။ ထိုအစား KNPP ၏ ပြည်ထဲရေးဌာနတွင် ကိုယ်ပိုင် စစ်သားများရှိကာ ကရင်နီစစ်တပ် (KA) ၏ လွှမ်းမိုးမှုမှ ကင်းလွတ် သည်။ ထိုစစ်သားများသည် KNPP ၏ ခရိုင်နှင့် မြို့နယ်အဆင့် အုပ်ချုပ်ရေး၏ အခွင့်အာဏာအောက်တွင်ရှိကာ ရာဇဝတ်မှုများတွင် ဖမ်းဆီးနိုင်သည့် အာဏာရှိသည်။ KA မှ စစ်သားများ၏ မူလတာဝန်မှာ ကာကွယ်ရေးအတွက်ဖြစ်သည်။

**ဥပဒေများ။** အသေးစားရာဇဝတ်မှုများနှင့် တရားမအငြင်းပွားမှုများကို ကျေးရွာအဆင့် အာဏာပိုင်များ၏ လက်ထဲတွင် အပ်နှင်းထားပြီး ဓလေ့ထုံးတမ်း အလေ့အထများနှင့် ဥပဒေများဖြင့် ကိုင်တွယ်လေ့ရှိ သည်။ ကြီးသော ရာဇဝတ်မှုများကို KNPP ၏ ကိုယ်ပိုင် ရာဇဝတ်မှု ဥပဒေများဖြင့် ဖြေရှင်းသည်။ တရားရေးဌာနမှ အဖွဲ့ဝင်တစ်ဦး၏ အဆိုအရ ကရင်နီဓလေ့ထုံးတမ်းဥပဒေများသည် KNPP မတိုင်မီကပင် ရှိနေနှင့်ပြီးဖြစ်ကာ စာဖြင့် ရေးသားမှတ်တမ်းတင်ထားခြင်း မရှိသော်လည်း မျိုးဆက်တစ်ခုမှ တစ်ခု လက်ဆင့်ကမ်းလာခဲ့ရာ ကျေးလက်မှ ကရင်နီလူမျိုးများမှာ သိရှိကြသည်။[၁၀] အဆိုပါဥပဒေများသည် အသေးစား ရာဇဝတ်မှုများကို ပြစ်ဒဏ်ပေးရန်နှင့် ရပ်ရွာလူထုအကြားဖြစ်ပွားသော အငြင်းပွားမှုများဖြေရှင်းရာတွင် အခြေပြုကြရသည်။ ထိုဥပဒေများကို ကျေးရွာရပ်မိရပ်ဖများက စီမံနေကြပြီး ရွာသားများကလည်း ၎င်းတို့ကို လေးစားရသည်။ KNPP တွင် ရာဇဝတ်မှုဥပဒေနှင့်ပတ်သက်သော စာအုပ်တစ်အုပ်ရှိ သည်။ ၎င်းတွင် တရားမအငြင်းပွားမှု ပုံစံအမျိုးမျိုး၊ ရာဇဝတ်မှု ပုံစံ အမျိုးမျိုးနှင့် အလေးအပေါ့ပြစ်ဒဏ်ပေးနည်းများကို ဖော်ပြထားသည်။ မူးယစ်ဆေးဝါးအမှုများ၊ မုဒိမ်းမှုနှင့် လူသတ်မှုများကို ကြီးလေးသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။ အဆိုပါစာအုပ်မှ ဥပဒေများကို KNPP တရားရေးဌာနနှင့် တရားဥပဒေဆိုင်ရာ အတွေ့အကြုံရှိသော KNPP ခေါင်းဆောင်များက ရေးဆွဲခြင်းဖြစ်သည်။ အဆိုပါဥပဒေများကို ကာလအားလျော်စွာ ပြန်လည်သုံးသပ်ရန်မှာ တရားရေးဌာန၏ တာဝန်ဖြစ်ပြီး တစ်ခါတစ်ရံ လူထုအခြေပြုအဖွဲ့အစည်းများ၊ ရပ်ရွာ လူထုအခြေပြုအဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်ကာ KNPP ဗဟို ကော်မတီသို့ ဥပဒေသစ်များ အဆိုပြုတင်ပြခြင်းကိုလည်း လုပ်ဆောင် ရသည်။

**တရားစီရင်ရေးကို စီမံခန့်ခွဲခြင်း။** အခြား EAO ဒေသများကဲ့သို့ပင် အငြင်းပွားမှုများ သို့မဟုတ် အသေးစားရာဇဝတ်မှုများ ဖြစ်လာပါက ရပ်ရွာလူထုသည် ကျေးရွာအကြီးအကဲများနှင့် ဩဇာရှိသူများကို ချဉ်းကပ်လေ့ရှိသည်။ အကယ်၍အမှုသည် ကြီးလေးသော ရာဇဝတ်မှု ဖြစ်နေပါက KNPP ဥပဒေအရလည်းကောင်း၊ အမှုကို ကျေးရွာအဆင့် သို့မဟုတ် ကျေးရွာအုပ်စုအဆင့်တွင် ဖြေရှင်းခြင်းမပြုနိုင်ပါကလည်း ကောင်း KNPP ၏မြို့နယ်အာဏာပိုင်များထံ အကြောင်းကြားရမည်ဖြစ် သည်။ ကြီးလေးသော ရာဇဝတ်မှုကို သတင်းပို့လာပါက မြို့နယ် တာဝန်ရှိသူများသည် အစွပ်စွဲခံရသူကို ဖမ်းဆီးခြင်းနှင့် စုံစမ်းစစ်ဆေး ခြင်းများပြုလုပ်ရန် အခွင့်အာဏာရှိသည်။ KNPP တရားသူကြီးများ သည် အမှုတစ်ခုချင်းကို အခြေပြု၍ ယာယီကော်မတီများဖွဲ့စည်း၍ အလုပ်လုပ်လေ့ရှိသည်။ တွေ့ရလေ့ရှိသော မြို့နယ်အဆင့် ကော်မတီ တွင် မြို့နယ်တရားသူကြီးများ၊ ကျေးရွာအကြီးအကဲများ၊ ကျေးရွာ ရပ်မိရပ်ဖများနှင့် မြို့နယ်အုပ်ချုပ်ရေးဌာနမှ ဝန်ထမ်းများဖြင့် ဖွဲ့စည်း လေ့ရှိသည်။

**တရားစီရင်ပိုင်ခွင့်အာဏာ။** အချို့သောမြို့နယ်များတွင် KNPP သည် မြို့နယ်အုပ်ချုပ်ရေးမှူးများသာရှိပြီး အမြဲတမ်းရုံးမရှိပေ။ KNPP သည် အစိုးရထိန်းချုပ်သော မြို့များဖြစ်သည့် လွိုင်ကော်နှင့် ဒီမောဆိုမြို့ နှစ်မြို့စလုံးတွင် မြို့နယ်အုပ်ချုပ်ရေးမှူးများအတွက် ရုံးများရှိသည်။ ၎င်းတို့သည် အနီးအနားမှ KNPP နယ်မြေများကို အုပ်ချုပ်ရန် တာဝန် ရှိသည်။ သို့သော် ၎င်းတို့သည် အဆိုပါမြို့များတွင် တရားဥပဒေကိစ္စရပ် များတွင် ဝင်ရောက်မစွက်ဖက်မိစေရန် သတိထားရသည်။ ထိုရုံးများ သည် KNPP ဆက်ဆံရေးရုံးများနှင့် သီးခြားဖြစ်ပါသည်။ မြို့နေ ပြည်သူများသည် ထိုနှစ်ရုံးအနက် နှစ်သက်ရာရုံးသို့သွားကာ ဥပဒေ ဆိုင်ရာ အကူအညီများ ဘယ်မှာရနိုင်သည်ကို အကြံဉာဏ်တောင်းနိုင် သည်။ သို့သော် ၎င်းတို့၏ အမှုများကိုမူ အပ်နှံမှုမပြုနိုင်ပေ။ ပြည်သူများ

[၉] Jolliffe, Ethnic Armed Conflict, 57-58.

[၁၀] KNPP အနေဖြင့် ကယား၊ ကယန်းနှင့် တခြားလူမျိုးစုများသည် ကရင်နီနိုင်ငံသားတွင်ပါဝင်ကြောင်းသတိပြုသင့်ပါသည်။ လူမျိုးကွဲများတွင်သီးခြား ထုံးထမ်းဓလေ့များသည်လည်း ကွဲပြားစွာမရှိနေပါ။

သည် တရားဥပဒေနှင့်ဆိုင်သော အကြံဉာဏ်အတွက် ဆက်ဆံရေးရုံး များသို့လည်း သွားနိုင်သည်။

**ပြစ်ဒဏ်များ။** ပြစ်ဒဏ်များမှာ ရာဇဝတ်မှု၏ ကြီးမားမှုအပေါ် မူတည်၍ အမျိုးမျိုးရှိနိုင်သည်။ အချို့သော ရာဇဝတ်မှုများကို ကိုင်တွယ်ရသည့် အုပ်ချုပ်ရေးအဆင့်များရှိသည်။ မြို့နယ်တရားရေးကော်မတီများသည် လျော်ကြေး မြန်မာကျပ် ငါးသိန်းမှသည် ထောင်ဒဏ် ငါးနှစ်အထိ ပြစ်ဒဏ်များ ချပိုင်ခွင့်အာဏာရှိသည်။ ခရိုင်အဆင့်တွင် တရားရေး ကော်မတီများသည် လျော်ကြေးကို မြန်မာကျပ် ၁၀ သိန်းမှသည် ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်ပိုင်ခွင့်ရှိပါသည်။ ဗဟိုအဆင့်တွင် ပြစ်ဒဏ်များကို လျော်ကြေးဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ မည်မျှမဆို ချမှတ်နိုင်သည်။ KNPP သည် ယခင်က သေဒဏ်ပေးခြင်းကို ကျင့်သုံး သော်လည်း ယခုအခါ သေဒဏ်ပေးခွင့် မပေးတော့ပေ။ တရားရေး ဌာန တာဝန်ရှိသူတစ်ဦး၏ အဆိုအရ ကျေးရွာအဆင့်တွင် ထောင်မရှိ ဟုဆိုသည်။ ယခင်က ထိပ်တုံးခတ်သည့် ပြစ်ဒဏ် ပေးလေ့ရှိသော် လည်း ယခုအခါ ထိုပြစ်ဒဏ်ချမှတ်ခွင့်မပြုတော့ဟုဆိုသည်။ အစိုးရနှင့် အပစ်အခတ်ရပ်စဲထားသည့် လက်ရှိကာလနှင့် စစ်ရေးလှုပ်ရှားမှုများ နည်းပါးသည့် အချိန်များကတည်းက မြို့နယ်များ၊ ခရိုင်များနှင့် ဗဟို ဌာနချုပ်များတွင် ထောင်များရှိပါသည်။ စစ်ရေးအရှိန်မြင့်တက်နေသည့် ကာလများက ထောင်သားအားလုံးကို ထိုင်းနိုင်ငံနယ်စပ်အနီးရှိ ဗဟို အကျဉ်းထောင်သို့သာ ခေါ်ဆောင်သွားပါသည်။ ၂၀၁၂ ခုနှစ်က KNPP နှင့် အစိုးရကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီပြီးနောက် တည်ငြိမ်မှုရှိလာခြင်းသည် KNPP ကို ကယားပြည်နယ် အတွင်းပိုင်း ကျကျတွင် ဗဟိုအကျဉ်းထောင်သစ်ဆောက်ရန် အစီအစဉ်ရေးဆွဲရေး အတွက် အခွင့်အလမ်းပေးလာသလို ဖြစ်ရသည်။

**တပ်ပိုင်းဆိုင်ရာ တရားစီရင်ရေးနှင့် စီစဉ်ထားသော ပြုပြင် ပြောင်းလဲ ရေးများ။** အကယ်၍ ကရင်နီတပ်မှ ပုဂ္ဂိုလ်များ ရာဇဝတ်မှုတစ်ခုတွင် ပါဝင်ပတ်သက်ပါက အရပ်သားများအတွက် ကိုင်တွယ်သော လုပ်ထုံး လုပ်နည်းများအတိုင်းပင်ဖြစ်ပြီး အမှုကို တရားရေးဌာနမှ ကိုင်တွယ်ပါ သည်။ ရာဇဝတ်မှုသည် ကြီးပါက ဗဟိုအုပ်ချုပ်ရေးအဆင့်သို့ တိုက်ရိုက်ပို့ပါသည်။ ၁၉၉၀ ခုနှစ်များအလယ်က ထုတ်ပြန်သော အရေးပေါ်ဥပဒေတွင် စစ်သားများအတွက် ဥပဒေဆိုင်ရာ ကိစ္စရပ်များပါ အကြုံးဝင်သော်လည်း အဆိုပါဥပဒေမှာ မရှိတော့ပေ။ KNPP တရားရေးဌာနမှ ရှင်းပြရာတွင် ထိုဥပဒေသည် လုပ်ငန်းစဉ်နှင့် ဖွဲ့စည်းပုံကို နိုင်ငံတကာစံများနှင့်ညီစေရန် လုပ်ဆောင်ထားသော် လည်း လက်ရှိအခြေအနေသည် နိုင်ငံတကာဥပဒေကို ပြည့်မီရန် မလွယ်သည်ကို လက်ခံကြောင်းဆိုပါသည်။ တရားရေးဌာနအနေဖြင့် ၎င်း၏စနစ်ကို တိုးတက်စေရန် နိုင်ငံတကာပညာရှင်များ၏ အကြံပေးမှု ကို လက်ခံလိုကြောင်း၊ သို့သော် လက်ရှိ နိုင်ငံရေးအခြေအနေအရ ကယားပြည်နယ်သို့ နိုင်ငံခြားသားများ ခရီးသွားခြင်းကို ကန့်သတ် ထားခြင်းကြောင့် အခက်အခဲရှိနေကြောင်း ဆိုပါသည်။

## လေး။ ။ ရှမ်း (တောင်) နှင့် ရှမ်း (အရှေ့) ရှိ EAA တရား စီရင်ရေး စနစ်များ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည် တပ်မတော်

ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် (RCSS/SSA) သည် ရှမ်းပြည်နယ်နှင့် ထိုင်းနိုင်ငံ နယ်စပ်တလျှောက်၊ အထူးသဖြင့် မိုင်းတုံနှင့် လန်ခိုမြို့နယ်များတွင် အားကောင်းစွာ အခြေကုတ်ယူထားကာ ရှမ်း ပြည်နယ် (တောင်ပိုင်း) ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ၏ အစိတ်အပိုင်းများမှ ကျေးလက်နေပြည်သူများနှင့် အားကောင်းသော ဆက်ဆံရေးကို ထူထောင်ထားနိုင်သည်။

RCSS/SSA သည် နိုင်ငံရေးလက်ရုံးနှင့် စစ်လက်ရုံးဟူ၍ အပြိုင်မရှိပေ။ အမြင့်ဆုံးအဖွဲ့မှာ RCSS ၏ ဗဟိုကော်မတီဖြစ်ပြီး စစ်တပ်အရာရှိများ ဖြင့် ဖွဲ့စည်းထားသည်။ ထိုအဖွဲ့သည် မူဝါဒကို အဆုံးအဖြတ်ပေးကာ ဥက္ကဋ္ဌနှင့် အမှုဆောင်ကော်မတီကို ရွေးချယ်တင်မြှောက်ပေးသည်။ RCSS တွင် အဓိကဌာန ဆယ့်လေးခုရှိကာ မြို့ပြအုပ်ချုပ်ရေးဌာနသည် "အုပ်ချုပ်ရေးတပ်မ" နှစ်ဆယ်ကျော် ဖွဲ့စည်းထားသည်။ ထိုတပ်မများ ကို စစ်သားများဖြင့် ဖွဲ့စည်းထားပြီး မြို့ပြအုပ်ချုပ်ရေးအတွက် အထူး သင်တန်းပေးထားသည်။ ၎င်းတို့သည် ကာကွယ်ရေးဌာန၏ "စစ်ဆင် ရေးတပ်မများ" နှင့် အတူတွဲ၍ အလုပ်လုပ်ရပါသည်။ တပ်မများကို RCSS ၏ ဒေသကြီးငါးခုတွင် ဖြန့်ကျက်ထားပြီး ကျေးရွာ၊ ကျေးရွာ အုပ်စုနှင့် မြို့နယ်အဆင့်များတွင် ဝန်ထမ်းများကို ရုံးထိုင်စေသည်။ အခြားဌာနအများစုမှာ မူလအားဖြင့် ဗဟိုဌာနချုပ်တွင်သာရှိပြီး အုပ်ချုပ်ရေးတပ်မများမှတဆင့်သာ အလုပ်လုပ်ရသည်။

**အဖွဲ့အစည်းများ၊ တည်ဆောက်ပုံများနှင့် အခြေခံ လုပ်ထုံးလုပ်နည်း များ။** RCSS ၏ တရားစီရင်ရေးဌာနသည် မြို့နယ်အဆင့်နှင့် ဗဟို အဆင့်တွင်သာ လုပ်ငန်းများလုပ်ကိုင်သော်လည်း ၎င်း၏ အခန်းကဏ္ဍ က ဘာလဲ သို့မဟုတ် ၎င်းသည် တရားသူကြီးများကို ကြီးကြပ်ခြင်းလား၊ သီးသန့်ဥပဒေများရေးဆွဲခြင်းလား ဆိုသည်မှာ တိတိကျကျ မသဲကွဲ ပေ။ ဗဟိုအဆင့်တွင် တရားသူကြီးများမရှိပေ။ ဆုံးဖြတ်ချက်အားလုံး သည် ဦးရွက်ဆစ်ထံမှလာသည်ဟု ဆိုကြသည်။ ၎င်းသည် လက်ရှိ ဒုဗိုလ်ချုပ်ကြီးဖြစ်ကာ RCSS/SSA ၏ ခေါင်းဆောင်ဖြစ်သည်။ RCSS/ SSA သည် စစ်တပ်ဖွဲ့စည်းပုံသာ ရှိသောကြောင့် စစ်သားများသည် အုပ်ချုပ်ရေးတပ်မများမှတဆင့် အုပ်ချုပ်ရေးတွင် ပါဝင်နေမည်ဖြစ် သည်။

RCSS တွင် ရဲတပ်ဖွဲ့မရှိသော်လည်း ကျေးရွာအုပ်စုတစ်ခုစီတွင် ၁၀- ၁၂ ဦးပါဝင်သော ပြည်သူ့စစ်အဖွဲ့လေးများရှိကာ ဖမ်းဆီးမှုများ လုပ်ပိုင်ခွင့်အာဏာ ပေးထားသည်။ SSA မှ စစ်သားများသည်လည်း အစွပ်စွဲခံရသော တစ်ဦးချင်းပုဂ္ဂိုလ်များကို ဖမ်းဆီးရန် အမိန့်ပေးစေခိုင်း နိုင်သည်။

**တရားစီရင်ရေးကို အုပ်ချုပ်စီမံခြင်း။** RCSS/SSA နယ်မြေအများစုသည် ဝေးလံခေါင်းပါးသောကြောင့် ဒေသခံ အာဏာပိုင်များသည် ရိုးရာဓလေ့ထုံးတမ်း တရားစီရင်ရေး အလေ့အထများအပေါ်သာ ကြီးစွာမှီခိုနေရသည်။ ၎င်းမှာ RCSS/SSA ထိန်းချုပ်သော နယ်မြေများတွင် နေထိုင်ကြသော ရှမ်းလူမျိုးအသိုင်းအဝိုင်းများသာမက အခြား တိုင်းရင်းသားအုပ်စုများလည်း ထိုနည်းအတိုင်းသာဖြစ်သည်။ ထိုသို့သော အလေ့အထများသည် လူမှုရေးအရ သဟဇာတဖြစ်မှုကို ထိန်းသိမ်းထားရန် ရည်ရွယ်သည်ဟုဆိုသော်လည်း တရားဝင်မှု အဆင့်တစ်ခုကို ဆက်လက်ရရှိနေစေသည်။ ပုံမှန်အားဖြင့် ရွာတစ်ရွာတွင် အမှုတစ်ခုပေါ်ပေါက်ပါက အမှုကိုကိုင်တွယ်ရန် ကျေးရွာအကြီးအကဲဥက္ကဋ္ဌအဖြစ်ပါဝင်သော ကော်မတီတစ်ခုကို ဖွဲ့စည်းသည်။ ထိုကော်မတီများသည် အသေးစားရာဇဝတ်မှုများနှင့် လင်မယားကွာရှင်းမှုများကို ဖြေရှင်းရန်ဖြစ်သည်။ ၎င်းတို့သည် ကြီးမားသောအမှုများကို RCSS သို့ လည်းကောင်း သို့မဟုတ် ကျေးရွာအုပ်စုအဆင့်မှ ရိုးရာခေါင်းဆောင်များသို့လည်းကောင်း လွှဲပေးတတ်သည်။ ရပ်ရွာလူထုအနေဖြင့် လူသတ်မှုများကို မြို့နယ်အဆင့်ရှိ RCSS အာဏာပိုင်များထံ လွှဲပြောင်းပေးရန် လိုအပ်သည်။ အခွန်ရှောင်ခြင်းနှင့် အစိုးရသတင်းပေးအဖြစ် သံသယရှိသူများနှင့် ပတ်သက်သော အမှုများကိုလည်း လွှဲပြောင်းပေးရသည်။

**ပြစ်ဒဏ်များ။** RCSS နယ်မြေများတွင် လျော်ကြေးပေးခြင်း သို့မဟုတ် ပြစ်ဒဏ်ပုံစံများနှင့်ပတ်သက်သော သတင်းအချက်အလက် အနည်းငယ်သာရပါသည်။ သတင်းရင်းမြစ်တစ်ခု၏ အဆိုအရ ရိုးရာ ဓလေ့ထုံးတမ်း ဥပဒေများသည် ကြီးလေးသော ရာဇဝတ်မှုများကို သေဒဏ်ပေးပိုင်ခွင့်ရှိသော်လည်း ကျင့်သုံးခဲသည်ဟုဆိုသည်။ မူးယစ်ဆေးဝါးပြစ်မှုများသည် ရှမ်းပြည်နယ်တွင် ကြီးလေးသောကိစ္စဖြစ်ပြီး ပထမအကြိမ်ကျူးလွန်ပါက သတိပေးချက်ထုတ်ပြန်ပါသည်။ အကယ်၍ ဒုတိယအကြိမ်ကျူးလွန်ပါက ကျူးလွန်သူကို ဖမ်းဆီးပြီး ထောင်ထဲဝင်မလား သို့မဟုတ် စစ်တပ်ထဲဝင်မလားဟု ရွေးချယ်စေသည်ဟုဆိုသည်။

**ပအိုဝ့်းအမျိုးသားတပ်**

ပအိုဝ့်အမျိုးသားတပ် (PNA) သည် အစိုးရအသိအမှတ်ပြု ပြည်သူ့စစ်တပ်ဖွဲ့ဖြစ်ကာ တပ်မတော်၏ အမိန့်ပေးမှုအောက်တွင် ရှိသည်။ ၎င်းသည် ရှမ်းပြည်နယ် (တောင်ပိုင်း) ရှိ မြို့နယ်အများစုတွင် ရှိနေသည်။ ယခင်၎င်း၏ အရပ်ဖက်လက်ရုံးဖြစ်သော ပအိုဝ့်အမျိုးသားအဖွဲ့အစည်းသည် မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီဖြစ်ကာ ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ မြို့နယ်သုံးခုမှ နေရာခြောက်နေရာ အနိုင်ရထားသည်။ PNA တွင် တရားဝင် အုပ်ချုပ်ရေးအခွင့်အာဏာ မရှိဘဲ လုံခြုံရေးတပ်ဖွဲ့သက်သက်သာဖြစ်သည်။ ဒေသန္တရအုပ်ချုပ်ရေးတွင် ၎င်း၏ အခန်းကဏ္ဍမှာ အစိုးရ ပွင့်ပွင့်လင်းလင်းပေးထားသော နေရာဖြစ်ပြီး နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှု ပိုမိုဖြစ်ပေါ်ရေးကို ပံ့ဖော်ပေးရမည်ဖြစ်သည်။

**ဥပဒေများ။** PNA တွင် ၎င်း၏ကိုယ်ပိုင် အသေးစားစည်းမျဉ်းဥပဒေလေးများရှိရာ အများစုမှာ လူမှုရေးသဘာဝနှင့် ပတ်သက်၍ဖြစ်သည်။ ၎င်းတို့ကို ၎င်းတည်ရှိသောနယ်မြေများမှ အရပ်သားများအပေါ် အသုံးပြုပါသည်။ ကြီးလေးသော ရာဇဝတ်မှုများနှင့် ပတ်သက်လာပါက အစိုးရဥပဒေအတိုင်းသာ လိုက်နာကြရသည်။ အသေးစားရာဇဝတ်မှုများအတွက် ရပ်ရွာလူထုသည် ဓလေ့ထုံးတမ်း အလေ့အထများကိုသာ အားကိုးကြသည်။

**တရားရေးလုပ်ငန်းစဉ်။** ကျေးရွာအကြီးအကဲများသည် အသေးစားရာဇဝတ်မှုများနှင့် တရားမအငြင်းပွားမှုများကို ကိုင်တွယ်သည်။ ထိုအမှုများအတွက် အဖြေများသည် အနညာတဖြေရှင်းမှုများနှင့် ဓလေ့ထုံးတမ်း အလေ့အထများမှတဆင့်သာ ရရှိကြသည် များပါသည်။ ပအိုဝ့်ယဉ်ကျေးမှုတွင် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများကို များစွာလေးစားကြပြီး ဘုန်းတော်ကြီးများသည် ရပ်ရွာလူထုနှင့် PNA/PNO အပေါ် အားကောင်းစွာ ဩဇာလွှမ်းမိုးမှုရှိသည်။ အကယ်၍ အမှုကို ကျေးရွာအကြီးအကဲ သို့မဟုတ် ဘုန်းတော်ကြီးများက မဖြေရှင်းနိုင်ပါက PNA သို့ လွှဲပြောင်းပေးရသည်။

PNA ၏ အဆိုအရ အကယ်၍ ရာဇဝတ်မှုတစ်ခုကို PNA သို့ လွှဲပြောင်းပေးခဲ့ပါက PNA စစ်သားများသည် အစွပ်စွဲခံရသူကို ဖမ်းဆီးရသည်။ ထို့နောက်တွင်မှ ကျေးရွာအကြီးအကဲ၊ ကျေးရွာဘုန်းတော်ကြီးနှင့် ရပ်ရွာလူထုသည် မျက်မြင်သက်သေအချက်အလက်များကိုပေးသည်။ ကြီးလေးသောအမှုများတွင် PNA သည် အစွပ်စွဲခံရသူကို မြန်မာနိုင်ငံရဲ တပ်ဖွဲ့သို့ လွှဲပြောင်းပေးသည်။ ဤနေရာတွင် အစွပ်စွဲခံရသူသည် အစိုးရ၏ တရားရေးစနစ်အောက်သို့ ရောက်ရှိသွားကာ PNA ၏ အခန်းကဏ္ဍ မရှိတော့ပေ။

မူးယစ်ဆေးဝါးမှုများတွင် PNA သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျေးရွာခေါင်းဆောင်ပိုင်းတို့နှင့် အတူလုပ်ကိုင်ပါသည်။ တစ်ခါတစ်ရံသာ သုံးစွဲသူများ ပါဝင်ပတ်သက်နေသော အမှုများကို ရပ်ရွာအဆင့်တွင်ပင် ကိုင်တွယ်သော်လည်း မူးယစ်ဆေးဝါးပမာဏ အတော်များများ ပါဝင်လာပါက ကျေးရွာအကြီးအကဲသည် PNA သို့မဟုတ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သို့ အစီရင်ခံရပါသည်။ ၂၀၁၀ ခုနှစ်ကတည်းက PNO/PNA နယ်မြေမှ လူများသည် ၎င်းတို့၏ အမှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ တိုက်ရိုက်အပ်နှံမှုမှာ တိုးလာနေသည်။ သတင်းရင်းမြစ် အတော်များများက ရှင်းပြရာတွင် PNA ၏ စနစ်နှင့် နှိုင်းယှဉ်ပါက အစိုးရ၏ စနစ်သည် ငွေကြေးကုန်ကျများခြင်း၊ အချိန်ကုန်ခြင်းနှင့် ယုံကြည်ရမှု မရှိခြင်းများ ရှိသည်ဟုဆိုကြသည်။ သို့သော်လည်း အစိုးရစနစ်ကို ရွေးချယ်လာခြင်းမှာ သိသာစွာ တိုးလာနေသည်။ ထိုသို့ဖြစ်ခြင်းကြောင့် PNA ခေါင်းဆောင်များက စိတ်မသက်မသာခံစားရသည်ဟု ပအိုဝ့်လူထုအခြေပြုအဖွဲ့အစည်းတွင် လုပ်ကိုင်သူတစ်ဦး၏ အဆိုအရ သိရှိရပြီး ၎င်းတို့၏စနစ်သည် တရားစီရင်ရေးကိစ္စရပ်များအတွက်သာ ကိုင်တွယ်ခဲ့သည်ဟု ခံစားခဲ့ရသည်ဟုဆိုသည်။ ထိုသို့ ပြောင်းလဲလာမှုသည် အချို့လူများ၏စိတ်တွင် ပအိုဝ့်အသိုင်းအဝိုင်းဟူသော သဘောပျောက်ဆုံးလာသည်ဟု ခံစားလာရစေရန် ဖြစ်စေသည်။

**ပြစ်ဒဏ်များ။** တွေ့ရလေ့ရှိသော ပြစ်ဒဏ်မှာ ငွေလျော်ကြေးပေးစေခြင်းဖြစ်သည်။ ဆုံးဖြတ်ချက်ချရာတွင် အပြစ်ရှိသူသည် ငွေပေးရပြီး တောင်းပန်ရပါသည်။ PNA က ကိုင်တွယ်သော အမှုများတွင်လည်း ငွေဒဏ်ပေးခြင်းများ ရှိသည်။ ကျေးရွာအဆင့်တွင် ဆုံးဖြတ်သော ရာဇဝတ်မှုများအတွက် အမြင့်ဆုံးပြစ်ဒဏ်မှာ ထိပ်တုံးခတ်ခြင်းဖြစ်သည်။ ပို၍ကြီးလေးသော ပြစ်မှုများအတွက် ပို၍အဆင့်မြင့်သော ဌာနက ကိုင်တွယ်ရကာ PNA ထောင်သို့ ပို့ဆောင်ရနိုင်သည်။

PNA က ကြီးမားသော ရာဇဝတ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးသည်ဟုဆိုသော်လည်း ၎င်းသည် တစ်ခါတစ်ရံ သေဒဏ်ချမှတ်လေ့ရှိသည်။ ပအိုဝ့်တက်ကြွလှုပ်ရှားသူများ၏ အဆိုအရ ချမှတ်လိုက်သော ပြစ်ဒဏ်ကို အကောင်အထည်မဖော်မီ ဒေသခံရပ်ရွာလူထုက သဘောတူရသည်ဟု ဆိုသည်။ သို့သော်လည်း ရပ်ရွာလူထုသည် PNA ၏ ဆုံးဖြတ်ချက်များကို အငြင်းပွားခဲသည်ဟု ဒေသခံပအိုဝ့်စီးပွားရေးသမားများ၏ အဆိုအရ သိရှိရသည်။

## ငါး။ ။ ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် ကချင်ပြည်နယ်မှ EAA တရားစီရင်မှု 'ဝ' ပြည်သွေးစည်းညီညွတ်ရေးပါတီ/ 'ဝ' ပြည်သွေးစည်းညီညွတ်ရေးတပ်

ဝပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) နှင့် ၎င်း၏ လက်နက်ကိုင်လက်ရုံးဖြစ်သော ဝပြည်သွေးစည်းညီညွတ်ရေးတပ် (UWSA) တို့သည် အပစ်အခတ်ရပ်စဲထားသည့် "အထူးဒေသ" ကို ထိန်းချုပ်ထားသည်။ ထိုဒေသတွင် အစိုးရသတ်မှတ်ထားသည့် မြို့နယ်လေးခု ဖြစ်သည့် ပန်ဆိုင်း၊ ပန်ဝန်း၊ မိုင်းမောနှင့် နားဖန်တို့ပါဝင်ပြီး မိုင်းယောင်းမြို့နယ်၏ အရေးပါသော အစိတ်အပိုင်းနှင့် ဟိုပုံးမြို့နယ်၏ နယ်စပ်အချို့ကိုပါ ထိန်းချုပ်ထားသည်။[၁၁]

UWSP ၏ အုပ်ချုပ်ရေးစနစ်သည် ၁၉၇၀ ခုနှစ်များက ဗမာပြည်ကွန်မြူနစ်ပါတီက ထူထောင်ခဲ့သော စနစ်အပေါ် အခြေခံထားသည်။ ၎င်းတို့ဒေသကို ခရိုင်သုံးခုခွဲထားကာ ၂၄ မြို့နယ်ထပ်ခွဲထားသည်။[၁၂] ပါတီကို ငါးဦးပါဝင်သော ပေါလစ်ဗျူရိုက ဦးဆောင်ကာ အဖွဲ့ဝင် ၁၉ ဦး ပါဝင်သော ဗဟိုကော်မတီသည် ဗျူရို ၁၀ ခုကို ကြီးကြပ်ရာ ဗဟိုဥပဒေစိုးမိုးရေးဗျူရိုလည်းပါဝင်သည်။အုပ်ချုပ်ရေးကော်မတီများသည် ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာအဆင့်တွင် အုပ်ချုပ်သည်။ လက်တွေ့တွင်မူ UWSP ၏ အုပ်ချုပ်ရေးစနစ်သည် လျော့ရဲစွာ အုပ်ချုပ်နေသည်ကို တွေ့ရသည်။ UWSP သည် ၎င်း၏ စစ်တပ်တည်ဆောက်ရေး၊ ငြိမ်ဝပ်ပိပြားမှုထိန်းသိမ်းရေးနှင့် ဆိုနေကြသော မူးယစ်ဆေးဝါးရောင်းဝယ်မှုအပါအဝင် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရန်ကိုသာ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နေသည်။ ဆိုလိုသည်မှာ အများပြည်သူအတွက် လုပ်ဆောင်ပေးရန်ဟုဆိုကာ ထူထောင်ထားသော ဗျူရိုများမှာ လက်တွေ့တွင် အသက်မဝင်ဟုဆိုရမည်ဖြစ်သည်။

ယေဘုယျဆိုရသော် UWSP ၏ အုပ်ချုပ်ရေးသည် ဗဟိုချုပ်ကိုင်မှု အတိုင်းအတာမြင့်မားမှုကြောင့် နှောင့်နှေးမှုများဖြစ်ရကာ နောက်ဆုံးတွင် အုပ်ချုပ်ရေးယူနစ်များသည် အရည်အသွေးနိမ့်ကျကာ ကိုယ်ပိုင်ကမကထပြု လုပ်ဆောင်ရန် အခွင့်အာဏာ အနည်းငယ်သာရှိခြင်းစသည်တို့ဖြစ်ရသည်။ ခရိုင်အဆင့်အောက်ရှိ အုပ်ချုပ်ရေးမှူးများသည် အချိန်ပိုင်းသာဖြစ်ပြီး လစာအနည်းငယ် သို့မဟုတ် လုံးဝမရကြခြင်းကြောင့် စိုက်ပျိုးရေး သို့မဟုတ် တရားမဝင်အခွန်ကောက်ခြင်းနှင့် အဂတိလိုက်စားခြင်းများ အပါအဝင် အခြားလုပ်ဆောင်မှုများကဲ့သို့သော အသက်မွေးဝမ်းကျောင်းအပေါ် တည်မှီနေရသည်။[၁၃]

**အဖွဲ့အစည်းများနှင့် တည်ဆောက်ထားပုံများ။** ဖွဲ့စည်းထားပုံနှင့် ပတ်သက်၍ UWSP သည် ဗမာပြည်ကွန်မြူနစ်ပါတီ ယခင်က ကျင့်သုံး ခဲ့သော ကွန်မြူနစ်တရုတ်ပုံစံ တရားစီရင်ရေးစနစ်ကို ကျင့်သုံးသည်။ ၎င်း၏ ဗဟိုဥပဒေအသက်ဝင်ရေးဗျူရိုသည် ပန်ဆန်းတွင် အခြေစိုက် သော တရားရေးနှင့် ရဲတပ်ဖွဲ့ဗျူရိုအခွဲများကို ကြီးကြပ်ရသည်။ ပန်ဆန်းတွင် ထောင်တစ်ခုလည်းရှိပါသည်။ တရားစီရင်ရေးစနစ်သည် မြို့နယ်အားလုံးတွင် အလုပ်ဖြစ်နေရမည်ဖြစ်သည်။ လက်တွေ့တွင်မူ ၎င်းတို့၏ မြို့နယ်များ၏ အပြင်ဖက်တွင် စွမ်းဆောင်ရည်မှာ အကန့်အသတ်နှင့်သာ ရှိသည်။

**အဖွဲ့အစည်းများနှင့် တည်ဆောက်ထားပုံများ။** UWSP သည် ပန်ဆန်းနှင့် အခြားမြို့ငယ်များတွင် ခရိုင်အဆင့် ရဲတပ်ဖွဲ့ကို ထိန်းသိမ်းထားရှိသော်လည်း ကျေးလက်နယ်မြေများတွင် ရဲတပ်ဖွဲ့မရှိပေ။ ထိုအစား ကျေးလက်ရဲလုပ်ငန်းကို ဒေသခံလက်နက်ကိုင်အဖွဲ့က လုပ်ဆောင်သည်။ ထိုအဖွဲ့ကိုတပ်မတော်ကခေါ်ဝေါ်သည့်အတိုင်းပင် "ပြည်သူ့စစ်" ဟုပင် ခေါ်ဝေါ်သော်လည်း တပ်မတော်နှင့် ဆက်စပ်ပတ်သက်ခြင်းမရှိပေ။ ရွာတိုင်းတွင်၎င်းတို့ကိုယ်ပိုင်ပြည်သူ့စစ်တစ်ဖွဲ့စီရှိကာ ကျေးရွာအကြီးအကဲကဦးဆောင်သည်။ ကျေးရွာအကြီးအကဲကို UWSP မြို့နယ်အာဏာပိုင်များက ရွေးချယ်သည်။ UWSP သည် ပြည်သူ့စစ်များကို မိမိဒေသလုံခြုံရေးကို ထိန်းသိမ်းရန် အခွင့်အာဏာ ပေးထားပြီး ၎င်းတို့ကို UWSA က လေ့ကျင့်ပေး၍ လက်နက်တပ်ဆင်ပေးထားသည်။

**ဥပဒေများ။** UWSP ၏ အဖွဲ့ဝင်ဟောင်းတစ်ဦး၏ အဆိုအရ ၎င်းတို့အဖွဲ့တွင် အုပ်ချုပ်ရေးအဆင့်တိုင်းအတွက် စည်းမျဉ်း၊ စည်းကမ်းများ

[၁၁] Jolliffe, Ethnic Armed Conflict, 78-9. The area was designated Special Region 2 in the UWSP's original 1989 ceasefire, and this name was referred to numerous times in its December 2012 ceasefire agreement with the government.

[၁၂] Ibid. Indeed, this was the only centralized administrative system ever established in the area by Bamar leaders.

[၁၃] See Tom Kramer, The United Wa State Army: Narco-Army or Ethnic Nationalist Party? Policy Studies, No. 38 (Washington, DC: East-West Center, 2007), 39, citing a study carried out in the late 1990s and early 2000s.

ရှိသည်ဟု ဆိုပါသည်။ ကျေးရွာအဆင့်တွင် တရားမမှု သို့မဟုတ် အသေးစားရာဇဝတ်မှုများအတွက် ပြစ်ဒဏ်မှာ လျော့ကြေးပေးသည့် ပုံစံသာဖြစ်ပါသည်။ UWSP သည် ၎င်းတို့၏ တရားဥပဒေပုဒ်မများတွင် အချို့တရုတ်ဥပဒေများကို ကျင့်သုံးသည်။

**တရားစီရင်ရေးကို စီမံခန့်ခွဲခြင်း။** မြန်မာနိုင်ငံ၏ အခြားဒေသများကဲ့သို့ပင် အသေးစားရာဇဝတ်မှုများကို ကျေးရွာအဆင့်တွင်ပင် ကိုင်တွယ်သည်။ ကျေးရွာရပ်မိရပ်ဖများကို အသေးအဖွဲခိုးမှုများနှင့် တရားမအငြင်းပွားမှုများအား ကိုင်တွယ်ရန် အခွင့်အာဏာပေးထားပြီး နောက်ဆုံးတွင် ပြည်သူ့စစ်အာဏာပိုင်များအပေါ် မူတည်သည်။ ကြီးလေးသော ရာဇဝတ်မှုများအတွက် ကျေးရွာအကြီးအကဲသည် ပြည်သူ့စစ်ကို အသုံးပြု၍ သံသယရှိသူများကို ဖမ်းဆီးရန်နှင့် ၎င်းတို့ကို မြို့နယ်အာဏာပိုင်များထံ ပို့ဆောင်ရန် အခွင့်အာဏာရှိသည်။

မြို့နယ်နှင့် ခရိုင်အဆင့်တွင် အမှုများကို တရားသူကြီးတစ်ဦးချင်းမှ ဆုံးဖြတ်ပြီး ဗဟိုအဆင့်သို့ ရောက်လာသော ရာဇဝတ်မှုများကို ခုံအဖွဲ့ဖြင့် ဆုံးဖြတ်သည်။ ထိုအမှုများတွင် အပြစ်ရှိကြောင်းသက်သေပြရန်နှင့် စီရင်ချက်ချရန်အတွက် "ပြည်သူ့ဂျူရီလူကြီး" အဖွဲ့ ဖွဲ့စည်းလုပ်ဆောင်ရသော လုပ်ငန်းစဉ်ကို တရားသူကြီးတစ်ဦးက ဦးဆောင်ရသည်။ ရှေ့နေမရှိသော်လည်း အမှုကြီးများတွင် ပုဂ္ဂိုလ်တစ်ဦးသည် "ပြည်သူ့ရှေ့နေ" အဖြစ်ပါဝင်နိုင်သည်။ ပြည်သူ့ရှေ့နေမှာ များသောအားဖြင့် UWSP က ခန့်အပ်သော ဥပဒေအကြံပေးဖြစ်ကာ ၎င်းသည် ဂျူရီအတွက် အကြံပေးနိုင်ရန် နားထောင်ခြင်းနှင့် မှတ်ချက်ပေးခြင်းများကို လုပ်ဆောင်သည်။ ထိုအမှုများတွင် နောက်ဆုံး ဆုံးဖြတ်ချက်များအတွက် တရားသူကြီးဖက်မှ လုပ်ဆောင်မှု ၈၀ ရာခိုင်နှုန်းနှင့် ဂျူရီအဖွဲ့မှ ထည့်ဝင်မှု ၂၀ ရာခိုင် နှုန်း ရှိသည်ဟု ဆိုနိုင်သည်။ စီရင်ချက်ကို သုံးရက်အတွင်း ချမှတ်ရလေ့ရှိပြီး အသေးစားအမှုများကို နာရီအနည်းငယ်အတွင်း ဆုံးဖြတ်ပေးရကာ အမှုကြီးများ ပို၍ကြာတတ်သော်လည်း တစ်ပတ်ထက် ပိုမကြာပေ။

**ပြစ်ဒဏ်များ။** UWSP ၏ ပြစ်ဒဏ်ပေးမှုများနှင့်ပတ်သက်၍ သတင်းအချက်အလက် အနည်းငယ်သာရပါသည်။ သို့သော်လည်း သေဒဏ်ကိုမူ ဗဟိုအဆင့်တွင်သာ အသုံးပြုသည် ဆိုသည်မှာ ရှင်းလင်းနေသော အချက်ဖြစ်ကာ အများပြည်သူရှေ့တွင် ကွပ်မျက်သည့် မူဝါဒအရ သေနတ်ဖြင့်ပစ်သတ်သည့် အဖွဲ့ဖြင့် လုပ်ဆောင်သည်။ UWSA တွင် အကျဉ်းထောင်နှစ်ခုရှိကာ တစ်ခုမှ ပန်ဆန်းတွင်ဖြစ်ပြီး နောက်တစ်ခုမှာ ဘန်ရန် တွင်ဖြစ်ပါသည်။

## ကချင်လွတ်မြောက်ရေးအဖွဲ့ / ကချင်လွတ်မြောက်ရေးတပ်

ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) ၏ အုပ်ချုပ်ရေးအတွက် ဖွဲ့စည်းတည်ဆောက်ထားပုံတွင် ဌာန ၁၁ ခု ပါဝင်ကာ ကချင်လွတ်မြောက်ရေးကော်မရှင်အောက်၌ ထားရှိသည်။ အရေးအပါဆုံးမှာ အထွေထွေအုပ်ချုပ်ရေးဌာန (DGA) ဖြစ်ပြီး အစိုးရစနစ်၏ ကျောရိုးဖြစ်၍ အဆင့်တိုင်းတွင် စစ်တပ်နှင့်တွဲ၍ ရှိနေပါသည်။ KIO သည် ၎င်းထိန်းချုပ်သောနယ်မြေကို တိုင်း ခြောက်တိုင်း ခွဲထားသည်။ လေးခုမှာ ကချင်ပြည်နယ်တွင်ဖြစ်ပြီး နှစ်ခုမှာ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပါသည်။ ထို့နောက်တွင်မှ ခရိုင်များ၊ မြို့နယ်များနှင့် ယူနစ်ခွဲများအဖြစ် စိတ်ပိုင်းထားသည်။[၁၄]

**အဖွဲ့အစည်းများနှင့် တည်ဆောက်ထားပုံများ။** ခန့်မှန်းခြေ ၂၀၀၆ ခုနှစ်ခန့်တွင် KIO သည် တရားစီရင်ရေးဌာနကို ဖွဲ့စည်းကာ DGA ထံမှ အခွင့်အာဏာကို သီးခြားခွဲထုတ်ခဲ့ပြီး ဗဟိုတရားရုံးကို ထူထောင်ခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် တိုင်းနှင့် ခရိုင်တရားရုံးများ ဖွဲ့စည်းလာသော်လည်း ထိုစနစ်များသည် လုပ်ထုံးလုပ်နည်းများ ခိုင်မာမှု နည်းနေသေးသည်။ KIO တွင် လိုင်ဇာနှင့် မိုင်ဂျာယန်တို့၌ ရဲတပ်ဖွဲ့များရှိကာ ၎င်းတို့သည် ဖမ်းဆီးမှုများ ပြုလုပ်နိုင်သည်။ ကျေးလက်ဒေသများတွင် ဖမ်းဆီးမှုများကို DGA က ကိုင်တွယ်သော်လည်း သံသယရှိသူကို ဖမ်းဆီးရန် ဒေသခံတပ်ဖွဲ့များကို အကူအညီတောင်းခံရသည်။

**တရားစီရင်ရေးကို စီမံအုပ်ချုပ်ခြင်း။** KIO ၏ အဆိုအရ အမှုအများစုကို ပုံမှန်အားဖြင့် ကျေးရွာအဆင့် သို့မဟုတ် နန်းထော် ဟုခေါ်သော ကျေးရွာအုပ်စုအဆင့်တွင် ကိုင်တွယ်သည်ဟု ဆိုသည်။ သို့သော် မဖြေရှင်းနိုင်သော အမှုများကို ပိုမြင့်သောအဆင့်သို့ လွှဲပြောင်းပေးရသည်။

အချို့သောအမှုများတွင် အရပ်သားများသည် ၎င်းတို့၏ အမှုများကို ပို၍မြင့်သောအဆင့်သို့ အယူခံဝင်သည်များရှိသည်။ မည်သို့သော အမှုများကို မည်သည့်အဆင့်က ကိုင်တွယ်ရမည်ဆိုသည့် ဆုံးဖြတ်ချက်များနှင့်ပတ်သက်သော ရှင်းလင်းသည့် စည်းမျဉ်းအနည်းငယ်သာ ရှိပုံပေါ်သည်။ ယခုထိ သုတေသနပြုသူများ၏ သုံးသပ်ချက်အရ KIO တွင် တရားဝင် ရာဇသတ်ကြီးပုဒ်မ မရှိသေးပေ။

---

[၁၄] ခြောက်ခုမြောက်တိုင်းကို ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ရာ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဒုတိယမြောက် တိုင်းဖြစ်သည်။
[၁၅] အိုဝ့်အမျိုးသားလွတ်မြောက်ရေးအဖွဲ့တွင်လည်း ၎င်း၏ စစ်တပ်အတွင်း တရားစီရင်ရေးကိစ္စများကို ကိုင်တွယ်ရန် အထူးအုပ်ချုပ်ရေးယူနစ်ရှိသည်။

## ခြောက်။ ။ အဓိကကျသော အကျိုးဆက်များ

EAA ၏ စနစ်များသည် တည်ငြိမ်ရေးနှင့် ငြိမ်ဝပ်ပိပြားမှုကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ အထောက်အကူပြုကာ ကိစ္စရပ်များကို ရပ်ရွာအဆင့်တွင် ကိုင်တွယ်ရန် ခွင့်ပြုခြင်းကြောင့် အောင်မြင်ရခြင်းဖြစ်သည်။ အဆိုပါ တည်ငြိမ်မှုနှင့် ငြိမ်ဝပ်ပိပြားမှုအတိုင်းအတာသည် ထိုဒေသတွင် လက်နက်ကိုင်ပဋိပက္ခ မကြာခဏဖြစ်ပွားမှုကြောင့် အတက်အကျရှိရသော်လည်း စစ်ရေးလှုပ်ရှားမှုပြီးသည်နှင့် တည်ငြိမ်မှုနှင့် ငြိမ်ဝပ်ပိပြားမှု အမြန်ဆုံး ပြန်လည်ရရှိလာသည်။ ထိုသို့ဖြစ်ရခြင်းမှာ EAA အုပ်ချုပ်ရေးဖွဲ့စည်းတည်ဆောက်ထားမှုများ ကြံ့ကြံ့ခိုင်မှုနှင့် ကျေးရွာ တရားစီရင်ရေးအဖွဲ့အစည်းများ၏ အဆက်မပြတ်ရှိနေမှုကြောင့် ဖြစ်သည်။ အထူးသဖြင့် EAA များ ကောင်းစွာ ထူထောင်ထားနိုင်ကာ ဒေသဆိုင်ရာ အာဏာပိုင်အဖြစ် အသိအမှတ်ပြုသော နေရာများတွင် ဒုစရိုက်အဖွဲ့အစည်းစစ်စစ်နှင့် ပုဂ္ဂိုလ်များ ခြေကုတ်ယူရန် သိသိသာသာခက်ခဲပြီး ထိုသို့ ငြိမ်ဝပ်ပိပြားမှုသည် ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုကဲ့သို့သော EAA ၏ အုပ်ချုပ်ရေး အဖွဲ့အစည်းများအတွက် အခြေခံအုတ်မြစ်အဖြစ် ဖန်တီးပေးသည်။

လွတ်လပ်သော ဖစ်မြစ်အမျိုးမျိုးက ပြောဆိုချက်အရ အချို့နယ်မြေများမှ တိုင်းရင်းသားပြည်သူများသည် အစိုးရ၏ တရားစီရင်ရေးစနစ်ထက် EAA စနစ်ကို ပိုနှစ်သက်ကြသည်ဟုဆိုသည်။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ EAA စနစ်များသည် ထိုဒေသတွင် နေထိုင်ကြသော ပြည်သူများက အသိအမှတ်ပြုကာ နားလည်သော တရားစီရင်ရေး၏ မူလစနစ်ဖြစ်ပေသည်။

EAA စစ်တမ်းများက ယေဘုယျဖော်ပြကြသည်မှာ တရားစီရင်ရေးအတွက် စုံစမ်းစစ်ဆေးမှုများ၊ တရားခွင်များ သို့မဟုတ် အခြားတရားစီရင်ရေး လုပ်ငန်းစဉ်များတွင် အစိုးရတရားစီရင်ရေးစနစ်ဖြင့် လောက်လောက်လားလား ပူးပေါင်းဆောင်ရွက်မှု မရှိဟုဆိုသည်။ ခြွင်းချက်အနေဖြင့် NMSP သည် မူးယစ်ဆေးဝါးကိစ္စများတွင် အခါအားလျော်စွာ ပူးပေါင်းဆောင်ရွက်မှုရှိသည်ဟု ဆိုသည်။ နိုင်ငံရေးအရ ရှုတ်ထွေးမှုများရှိသည့်အပြင် EAA နှင့် အစိုးရတို့၏ စနစ်များသည် ဥပဒေများတွင်လည်းကောင်း၊ လုပ်ထုံးလုပ်နည်းများတွင်လည်းကောင်း၊ ပြစ်ဒဏ်များတွင်လည်းကောင်း၊ ကြီးစွာခြားနားမှုများရှိသည်။ ပို၍တွေ့ရလေ့ရှိသည်မှာ EAA အချင်းချင်းကြား ပူးပေါင်းဆောင်ရွက်မှုဖြစ်သည်။ မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ ထိန်းချုပ်မှုများထပ်နေသော နေရာများတွင် KNU၊ DKBA နှင့် NMSP တို့အကြား၌ ရာဇဝတ်မှုများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှုရှိသည်။ အကယ်၍ အမှုတစ်ခုတွင် မတူသော တိုင်းရင်းသားလူမျိုးနှစ်ဦး ပါဝင်ပတ်သက်မှုရှိသည်ဆိုပါက တရားစီရင်ပိုင်ခွင့်အာဏာသည် အမှုဖြစ်ပွားရာနေရာပေါ် မူတည်သည်။ ထိုသို့သော ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်များသည် အုပ်စုတစ်ခုချင်းစီမှ မြို့နယ် သို့မဟုတ် ခရိုင်တာဝန်ရှိသူများအကြား သဘောတူညီချက်အပေါ်သာ အခြေခံပြီး EAA အဖွဲ့ချင်းကြား ပိုမိုပြည့်စုံသော သဘောတူညီချက်မျိုး မရှိပေ။

ထိန်းချုပ်မှုများရောထွေးနေသော နေရာများတွင် နေထိုင်ကြသော ပြည်သူများမှာမူ တရားစီရင်ရေးစနစ် နှစ်ခုထက်ပို၍ ထိတွေ့ကြသည်။ ထိုသို့ဖြစ်ခြင်းကြောင့် အချို့သောအမှုများတွင် တစ်ဦးချင်းအနေဖြင့် ဈေးဝယ်သကဲ့သို့ ၎င်းတို့နှင့် အကိုက်ညီဆုံးဖြစ်မည့် တရားရေးစနစ်ကို ရွေးချယ်လေ့ရှိသည်။ ရွေးချယ်ရန် ဆုံးဖြတ်ချက်အများစုသည် တစ်ဦးချင်း၏ ပုဂ္ဂလိကအဆက်အသွယ်၊ ခန့်မှန်းသော ကုန်ကျစရိတ်များနှင့် မည်သည့်စနစ်က မိမိရလိုသည့်ရလဒ် ထွက်နိုင်သည် ဆိုသည်တို့အပေါ် အခြေခံ၍ ဆုံးဖြတ်ကြသည်။ တစ်ခါတစ်ရံ EAA တရားသူကြီး၏ ဆုံးဖြတ်ချက်ကို မနှစ်သက်ပါက အမှုကို EAA စနစ်အတွင်း အယူခံခြင်းအပြင် သို့မဟုတ် အယူခံခြင်းမပြုဘဲ အစိုးရစနစ်ထံသို့ ပြောင်းလဲအပ်နှံခြင်းများရှိသည်။

EAA တရားစီရင်ရေးစနစ်များသည် ရှေ့လာမည့်နှစ်များတွင် ၎င်းတို့ထိန်းချုပ်သော နယ်မြေများ၌ တရားဥပဒေ စိုးမိုးရန်နှင့် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များအဖြစ် လုပ်ဆောင်လိမ့်မည် သို့မဟုတ် ထိန်းချုပ်မှုထပ်နေသော နေရာများတွင် အပြိုင်စနစ်များအဖြစ် ရှိနေလိမ့်မည်။ ဤအချက်သည် တိုင်းရင်းသားဒေသများတွင် ထိရောက်မည့်စနစ်ဖြစ်စေရန် အစိုးရက ၎င်း၏စနစ်ကို ပြုပြင်ပြောင်းလဲရန် ကြိုးစားနေခြင်းအပေါ် အရေးပါသော သက်ရောက်မှု ရှိပါသည်။ ထို့အပြင် ၎င်းသည် ထိရောက်ပြီး၊ ပဋိပက္ခကို တုန့်ပြန်ဆောင်ရွက်ပေးနိုင်မည့် နိုင်ငံတကာမှ ဝင်ရောက်ဆောင်ရွက်မှုများအပေါ်လည်း ကြီးစွာ ဩဇာလွှမ်းမိုးနိုင်မည်ဖြစ်သည်။

EAA တရားစီရင်ရေးစနစ်၏ အဓိကကျသည့် အားနည်းချက်များတွင် ထိရောက်သော စုံစမ်းစစ်ဆေးရေး လုပ်ထုံးလုပ်နည်းများကို လေ့ကျင့်သင်ကြားပေးထားသော သတ်သတ်မှတ်မှတ်ရဲတပ်ဖွဲ့ မရှိခြင်း၊ လူအများစုအတွက် ကျေးရွာအဆင့်ထက်ကျော်လွန်ပြီး တရားစီရင်ရေးစနစ်ကို လက်လှမ်းမီမှုတွင် အားနည်းချက်များရှိခြင်းနှင့် EAA များက တရားစီရင်ရေးစနစ်အပေါ်ကို အလွဲသုံးစားပြုခြင်း၊ ချိုးဖောက်ခြင်းများရှိနေခြင်းဖြစ်သည်။

EAA အများစုသည် ၎င်းတို့ထိန်းချုပ်သောဒေသ၏ လုံခြုံရေးအတွက် ပုံမှန်စစ်တပ်ယူနစ်တစ်ခု၊ သီးသန့် အုပ်ချုပ်ရေး လုပ်ငန်းတာဝန်များပေးထားသော စစ်တပ်ယူနစ် (RCSS နှင့် KNPP တို့ကဲ့သို့)[၁၅] သို့မဟုတ် EAA လက်နက်ကိုင်လက်ရုံး၏ လက်အောက်ခံဖြစ်သော ဒေသခံပြည်သူ့စစ်တို့ကို တာဝန်ပေးလေ့ရှိသည်။ KNU ၊ UWSP နှင့် KIO တို့တွင်သာ အမြဲတမ်းရဲတပ်ဖွဲ့ရှိကာ KNU ၏ KNPF ကသာ ကျေးလက်ဒေသများတွင်လည်း တာဝန်ထမ်းဆောင်သည်။ ငြိမ်ဝပ်ပိပြားရေးနှင့် လုံခြုံရေးကို ထိရောက်စွာ ထိန်းသိမ်းရန်မှာ သာမန်ဖမ်းဆီးမှု၊ ထိန်းသိမ်းထားမှုမျိုးကို လုပ်ဆောင်ခြင်းများကို ကျော်လွန်၍ လုပ်ဆောင်မည့် ရဲလုပ်ငန်းများ လိုအပ်သည်။ ခေတ်မီရဲတပ်ဖွဲ့များ၏ ကျင့်ဝတ်နှင့် မူများကို EAA အများစု၏ လုံခြုံရေးတပ်ဖွဲ့များတွင် တွေ့ရလေ့မရှိပေ။

[၁၅] အိုဝ့်အမျိုးသားလွတ်မြောက်ရေးအဖွဲ့တွင်လည်း ၎င်း၏ စစ်တပ်အတွင်း တရားစီရင်ရေးကိစ္စများကို ကိုင်တွယ်ရန် အထူးအုပ်ချုပ်ရေးယူနစ်ရှိသည်။

ထို့အပြင် ရိုးရာဓလေ့ထုံးတမ်းစနစ်များသည် အားကောင်းပြီး ဆက်လက်၍ အလုပ်ဖြစ်နေသည်ဟုဆိုသည့်တိုင် ၎င်းတို့တွင် ခေတ်နောက်ကျမှုမျိုးစုံနှင့် ထိရောက်စွာမစွမ်းဆောင်နိုင်မှုများ ရှိနေနိုင်သည်။ ဥပမာ ၎င်းတို့တွင် အပြန်အလှန်ထိန်းကျောင်းမှု အနည်းငယ်သာ ရှိနေနိုင်ခြင်းနှင့် ၎င်းတို့သည် ကျေးရွာတည်ငြိမ်ရေးကိုသာ အလေးပေးခြင်းကြောင့် တစ်ယောက်ချင်းကို မမျှမတလုပ်ဆောင်မှုများ ရှိနိုင်ခြင်းတို့ဖြစ်သည်။ တိတိကျကျဆိုရသော် ကျေးရွာအာဏာပိုင်များသည် အသက်ကြီးသူများသာ ဖြစ်လေ့ရှိရာ ဂျန်ဒါအခြေပြု ရာဇဝတ်မှုများ အပါအဝင် အမျိုးသမီးများ၊ လူငယ်များအပေါ် ကျူးလွန်သော ရာဇဝတ်မှုများတွင် မှားယွင်းစွာ ကိုင်တွယ်ဖြေရှင်းမှုများ ရှိနိုင်သည်။ လူငယ်များသည် ပြုမူကိုင်တွယ်ခံရရာတွင် အဆိုးဆုံးပြုမူခံရရန် အကာအကွယ်မဲ့သော အနေအထား ရှိနေသည်။ အဘယ်ကြောင့် ဆိုသော် မြန်မာနိုင်ငံ၏ ကျေးလက်နေပြည်သူအများစု၏ အနေအထားတွင် အသက်အရွယ်က ဗဟိုချက်ကြနေသည်။

ကျေနပ်မှုမရှိသောရွာသားများသည် ပို၍မြင့်သောအဆင့်မှ အာဏာပိုင်ထံ အယူခံဝင်နိုင်သည်ဟုဆိုသော်လည်း လက်တွေ့တွင် ထိုသို့လုပ်ဆောင်ရန် အဆက်အသွယ်မရှိကြပေ။ ကျေးရွာအဆင့်တွင် လျော်ကြေးပေးခြင်းကို ပို၍ အလေးပေးဖော်ဆောင်ခြင်းသည် ပြည်သူများအနေဖြင့် ငွေပေးခြင်းဖြင့် ပြဿနာပြီးသွားနိုင်ရန် အထောက်အကူဖြစ်သည်။ မည်သို့ပင်ဆိုစေ ကျေးလက်တရားစီရင်ရေးစနစ်များသည် EAA နယ်မြေများတွင် လူအများ ပို၍နှစ်သက်ကြသော တရားစီရင်သည့် နည်းလမ်းဖြစ်နေပုံရကာ တစ်ယောက်ချင်းအနေဖြင့်က အပြင်မှ အာဏာပိုင်များဖြင့် တရားစီရင်ရာတွင် အဆိုးဆုံးအတွေ့အကြုံများ ရခဲ့ကြခြင်းကြောင့် ဖြစ်လိမ့်မည်။

## ခုနစ်။ ။ သုံးသပ်ချက်နှင့် ရှေ့ခရီးဆက်ရန်များ

EAA တရားစီရင်ရေးစနစ်တစ်ခုစီသည် တိုင်းရင်းသားအုပ်စုတစ်ခုစီ၏ လူမှုရေးနှင့် နိုင်ငံရေးယဉ်ကျေးမှု၊ EAA အ ဖွဲ့တစ်ခုစီ၏ အစီအစဉ်နှင့် နည်းလမ်းများ၊ ပဋိပက္ခအတက်အကျ၏ သမိုင်းကြောင်း စသည်တို့ ရှိနေခြင်းကြောင့် ၎င်းတို့၏ တရားစီရင်ရေးစနစ်များနှင့်ပတ်သက်ပြီး ခြုံငုံ၍ ယူဆချက်များပေးရန်မှာ သဘာဝမကျပေ။ ထို့ကြောင့် စနစ်တစ်ခုစီကို သီးခြားစီ စဉ်းစားသင့်သည်သာဖြစ်သည်။

အစိုးရကရော EAA များကပါ အလုပ်သင့်ဆုံးအရာမှာ တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးလုပ်ငန်းစဉ်များသည် မျှတရန်၊ ညီညီမျှမျှရှိရန်နှင့် တရားဝင်မှုရှိရန်တို့ကို သေချာအောင် လုပ်ဆောင်ရေးဖြစ်သည်။ အစိုးရပိုင်းမှ တာဝန်ရှိသူများနှင့် EAA များသည် EAA စနစ်များကို ပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ရန်မှာ အရေးပါသည်ဟု ရှုမြင်သင့်ပြီး ဖြစ်နိုင်သည့်နေရာတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် ညှိနှိုင်းဆောင်ရွက်ရေးများ တိုး၍ လုပ်ဆောင်နိုင်ရေးကို ရှာဖွေနေသင့်သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကလည်း တဖြည်းဖြည်း ဖြစ်ပေါ်တိုးတက်လျက်ရှိရာ EAA နယ်မြေများမှ ပြည်သူများအနေဖြင့် တရားစီရင်ရေးစနစ်ကို တိုး၍ လက်လှမ်းမီနိုင်မည့် အလုပ်ဖြစ်နိုင်မည့် မူဝါဒများနှင့် အစီအစဉ်များကို ရှာဖွေနိုင်မည့် သုတေသနများ ပို၍လိုအပ်မည်ဖြစ်သည်။ အထူးသဖြင့် EAA နယ်မြေများတွင် တရားစီရင်ရေးအလေ့အထများ၏ အခြေခံအုတ်မြစ်ဖြစ်သည့် ကျေးရွာအခြေပြုစနစ်များကို အာရုံပြု ကြည့်ရှုသင့်သည်။ လက်ရှိ ကျေးရွာအဆင့် တရားစီရင်ရေးအလေ့အထများကို ချိတ်ဆက်၍ ဒေသခံရပ်ရွာလူထု ကောင်းကျိုးအတွက် တိုးတက်မှုရှိရန် အစိုးရ၊ EAA များနှင့် နိုင်ငံတကာမှ ပုဂ္ဂိုလ်များသည် များစွာ လုပ်ပေးနိုင်ပါသည်။

EAA အများစုအတွက် ၎င်းတို့၏ လက်နက်ကိုင်လက်ရုံးများနှင့် ကျေးရွာအဆင့် ပြည်သူ့စစ်များသည် နယ်မြေတွင်းလုံခြုံမှု၊ စွပ်စွဲခံရသော ရာဇဝတ်ကောင်များ ဖမ်းဆီးရေးနှင့် ငြိမ်ဝပ်ပိပြားမှုထိန်းသိမ်းရေးကို တာဝန်ရှိသည်။ သတ်သတ်မှတ်မှတ် ရဲတပ်ဖွဲ့ဝင်များကို ရဲလုပ်ထုံးလုပ်နည်းများ၊ စုံစမ်းစစ်ဆေးရေးကျွမ်းကျင်မှုများ၊ ရဲတပ်ဖွဲ့ဝင် ပီသစွာ တာဝန်ထမ်းဆောင်ရေးတို့ကို လေ့ကျင့်ပေးပြီး ခန့်ထားကာ EAA နယ်မြေများတွင် ရဲလုပ်ငန်းများ တိုးတက်လာရန် ကြိုးပမ်းလုပ်ဆောင်သင့်သည်။ အပစ်အခတ်ရပ်စဲထားသော အခြေအနေမျိုးတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် EAA များတွင် ပူးပေါင်းဆောင်ရွက်ခြင်းသည် လက်တွေ့တန်ဖိုးကြီးနိုင်သည့်ပြင် ငြိမ်းချမ်းရေးတည် ဆောက်မှု၏ အရေးပါလှသော နယ်ပယ်ဖြစ်ကာ အနာဂတ် ပေါင်းစည်းရေးအတွက်လည်း အခြေခံများဖြစ်နိုင်သည်။ နိုင်ငံတကာမှအဖွဲ့များသည်လည်း EAA များကို ပံ့ပိုးသင့်ပြီး EAA တရားစီရင်ရေး အခွင့်အာဏာသည် ရွေးချယ်စရာ တစ်ခုတည်းသောစနစ်အဖြစ် ရှေ့လာမည့်နှစ်အတန်ကြာအထိ ရှိနေလိမ့်ဦးမည်ကို အသိအမှတ်ပြုသင့်သည်။

တိတိပပဆိုရသော် အစိုးရကျောထောက်နောက်ခံပြု လက်နက်ကိုင်ထားသောစစ်တပ်ကဲ့သို့သောအဖွဲ့များတွင်တရားစီရင်ပိုင်ခွင့်အာဏာနှင့်ပတ်သက်ပြီး များစွာလုပ်ဆောင်ရန် လိုအပ်ပါသည်။ PMF များနှင့် BGF များသည် တပ်မတော်၏ အစိတ်အပိုင်းများဖြစ်သည်နှင့်အညီ သောင်းကျန်းသူဆန့်ကျင်ရေးတပ်ဖွဲ့များသာဖြစ်ပြီး ရဲတပ်ဖွဲ့များမဟုတ်ပေ။ စစ်တပ်ကဲ့သို့ လက်နက်ကိုင်ထားသော အဖွဲ့များ၏ မူးယစ်ဆေးဝါးရောင်းဝယ်ရေးတွင် ပါဝင်၍ ဥပဒေချိုးဖောက်ရေး အခန်းကဏ္ဍနှင့် တရားဥပဒေစိုးမိုးအောင် လုပ်ဆောင်နေရသော အခန်းကဏ္ဍတွင် ပါဝင်နေမှုများကို အထူးအလေးပေး ကြည့်ရှုသင့်သည်။ ဤအချက်သည် EAO တပ်ဖွဲ့များကို ပုံမှန်လုံခြုံရေးတပ်ဖွဲ့များတွင် ပေါင်းစည်းရေးကို ဆွေးနွေးနေသည့် ယခုလိုအချိန်များတွင် အထူးပင် အရေးကြီးသည်။

## ရှစ်။ ။ အဓိကမေးခွန်းပုစ္ဆာများနှင့် ဆက်လက်လေ့လာဖတ်ရှုရန်

| ဆွေးနွေးရမည့် အမေးပုစ္ဆာများ |
| --- |
| ၁။ EAA တရားစီရင်ရေးစနစ်များ၏ အဓိကျသောအားမှာ ယုံကြည်မှု၊ ရပ်ရွာနှင့်ဆက်ဆံရေး တို့အပေါ်မူတည်ပြီး ၎င်းတို့က တည်ငြိမ်မှု ပေးနိုင်သောကြောင့် ထိုစနစ်များကို တည်ငြိမ်မှုကို မထိခိုက်ဘဲ ပဋိပက္ခအပေါ် တုန့်ပြန်ဆောင်ရွက်မှုမြန်ဆန်လာအောင် မည်သို့ ပြုပြင်ပြောင်းလဲမှု လုပ်ဆောင်မည်နည်း။ |
| ၂။ အစိုးရ၏ တရားစီရင်ရေးစနစ်အပေါ် ယုံကြည်မှုလျော့နေသည့် အချိန်များတွင် EAA နှင့် အစိုးရကြားတွင် တိုး၍ ပူးပေါင်းဆောင်ရွက်မှုသည် အနာဂတ်အတွက် ပိုမိုထိရောက်သော တရားစီရင်ရေးစနစ်အပေါ် အခြေခံများ ပေးနိုင်ပါမလား။ |
| ၃။ EAA တရားစီရင်ရေးစနစ်များသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲမှုကို ဘာတွေ ဖော်ဆောင်ပေးနိုင်မလဲ။ တိတိပပဆိုရသော် လက်ရှိလုပ်ဆောင်နေသော အလေ့အထများသည် ကျေးလက်ဒေသတွင် အနာဂတ်ရဲလုပ်ငန်းအပေါ် သင့်လျော်သော မော်ဒယ်ပုံစံအတွက် ဘာသင်ခန်းစာတွေပေးသလဲ။ EAA စနစ်များကို တရားဝင်တရားစီရင်ရေးစနစ်များ၏ ပြည်ထောင်စုအဆင့်တွင် ပေါင်းစည်းသင့်သလား၊ ဒေသန္တရအဆင့်တွင် ပေါင်းစည်းသင့်သလား။ |
| ၄။ ဓလေ့ထုံးတမ်း တရားစီရင်ရေးစနစ်များ၏ လက်ရှိအားနှင့် အမြစ်တွယ်နေသည့် အခန်းကဏ္ဍအပေါ် အခြေခံပြီး တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှုများ မြန်မာနိုင်ငံတွင် မည်သို့လုပ်ဆောင်မလဲ။ တစ်ချိန်တည်းမှာပင် နိုင်ငံသားများ၏ ရပိုင်ခွင့်များနှင့် ပိုင်ဆိုင်မှုများကို မျှမျှတတနှင့် ဘက်မလိုက်သော အကာအကွယ်များပေးနေနိုင်အောင်လည်း လုပ်ဆောင်ထားနိုင်အောင် မည်သို့လုပ်မလဲ။ |
| ၅။ အလှူရှင်များ၊ နိုင်ငံတကာအဖွဲ့များအနေဖြင့် (၁) EAA တရားရေးစနစ်များကို တရားဝင်ဘောင်အတွင်းရောက်လာအောင် (၂) EAA ရဲတပ်ဖွဲ့များနှင့် အခြားတရားစီရင်ရေးအဖွဲ့အစည်းများကို လေ့ကျင့်သင်ကြားပေးရန်တို့အတွက် မည်သို့ ချိတ်ဆက်လုပ်ဆောင်သင့်သနည်း။ |

## ဆက်လက်လေ့လာဖတ်ရှုရန်


Buchanan, John. *Militias in Myanmar.* Yangon: The Asia Foundation, 2016.

Furnivall, J. S. *The Governance of Modern Burma.* New York: Institute of Pacific Relations, 1960.

Jolliffe, Kim. *Ethnic Armed Conflict and Territorial Administration in Myanmar.* Yangon: The Asia Foundation, 2015.

Jolliffe, Kim. *Governance and Myanmar's Karen Armed Conflict* (working title). Yangon: The Asia Foundation, forthcoming 2016.

Kramer, Tom. *The United Wa State Army: Narco-Army or Ethnic Nationalist Party?* Policy Studies, No. 38. Washington, DC: East-West Center, 2007.

Mampilly, Zachariah. *Rebel Rulers: Insurgent Governance and Civilian Life during War.* New York: Cornell University Press, 2011.

Nang Yin Kham. *An Introduction to the Law and Judicial System of Myanmar.* Myanmar Law Working Paper Series, Working Paper No. 001. Singapore: Center for Asian Legal Studies, Faculty of Law, National University of Singapore, 2014.

Selth, Andrew. "Myanmar's Police Forces: Coercion, Continuity, and Change." *Contemporary Southeast Asia* 34, no. 1 (April 2012): 53-79.

Selth, Andrew. *Police Reform in Burma (Myanmar): Aims, Obstacles, and Outcomes.* Regional Outlook Paper 44. Brisbane: Griffith Asia Institute, Griffith University, 2013.

Silverstein, Josef. *Burma: Military Rule and the Politics of Stagnation.* New York: Cornell University Press, 1977.

Smith, Martin. *Burma: Insurgency and the Politics of Ethnicity.* New York: Zed Books, 1993.

The Asia Foundation

Improving Lives, Expanding Opportunities

No.17, Thu Khi Tar Street
Pyi Thar Yar Residence Lane 1
15 Ward, Bauk Htaw, Yankin Township
Yangon, Myanmar